# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**လူအပေါင်းချစ်မြတ်နိုး**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၊ တရားဌ်တည်၍ အမှန်ကိုလည်း ပြောဆိုတတ်၊ မိမိပြုအပ်သည့် ကျင့်ဝတ်နှင့်လည်း ပြည့်စုံသောသူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ပိယဝဂ်(ဓမ္မပဒ -၂၁၇)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 4 October 2023 ၁၁၂၃၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက် စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်၊

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂


ယနေ့ ဖတ်စရာ

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ
စာမျက်နှာ » ၈

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ
စာမျက်နှာ » ၉



ဇာတ်ကြီးသဘင်
ဆောင်းပါး စာမျက်နှာ » ၁၀

လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်း ဆွေးနွေးပွဲများ ကျင်းပ
စာမျက်နှာ » ၁၂

ကြေးမုံ

# ဆေးပညာဖြင့် နိုင်ငံနှင့်ပြည်သူအကျိုးပြု

ဆေးဝန်ထမ်းတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ပေါက်ဖွားလာသောအဖွဲ့အစည်းဖြစ်ပြီး ယခုအောက်တိုဘာလ ၁ ရက်နေ့တွင် (၇၆)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ သမိုင်းကြောင်းကောင်းသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း တိုင်းပြည်တာဝန်များကို တပ်မတော်ကဏ္ဍတွင်သာမက ကျရာအခန်းကဏ္ဍများတွင်ပါ ကျေပွန်စွာထမ်းဆောင်ခဲ့သည်။

ပြည်တွင်း/ပြည်ပအန္တရာယ်များကို ကာကွယ်ရန် ဆင်နွှဲခဲ့သည့် စစ်ဆင်ရေးတာဝန်များတွင် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ရှေ့တန်း၌ ကျန်းမာရေးတာဝန်များ စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည်။ သမိုင်းဝင်ကွမ်းလုံရက် ၄၀ တိုက်ပွဲ၊ ပါဂျိုနားဖော့တိုက်ပွဲ၊ လုပီ-လဂျားယန်းတိုက်ပွဲ၊ လောက်ကိုင်-မုန်းကိုးတိုက်ပွဲ စသည့်တိုက်ပွဲကြီးများတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြပြီး ရှေ့တန်းရောက်တပ်မတော်သားများအတွက် လိုအပ်သည့် ဆေးဘက်ဆိုင်ရာကုသမှုများကို တာဝန်ကျေပွန်စွာ ဆောင်ရွက်ခဲ့ကြသည်။

ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် စစ်မြေပြင် ဆေးကာကွယ်ရေးတာဝန်များအပြင် အရာရှိစစ်သည်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်း နိုင်ငံအနှံ့အပြားတွင်ရှိသည့် ဆေးရုံ၊ ဆေးတပ်ရင်းများ၌ ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နယ်လှည့်ဆေးကုသရေးတပ်ဖွဲ့ဝင်များကလည်း ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်ပေးမှုများကို လှည့်လည်ဆောင်ရွက်ပေးခဲ့ကြသည်။ ကျန်းမာရေးစောင့်ရှောက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံ(၂၅ ခုတင်)အဆင့်မှ တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀)အဆင့်အထိ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။

မျက်မှောက်ကာလတွင် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလိုအပ်လာသည်။ ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးအခြေအနေများကြောင့် ကျန်းမာရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ လျော့နည်းကျဆင်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်းတွင် အရပ်ဘက်ဆိုင်ရာ ပြည်သူ့ကျန်းမာရေးဝန်ထမ်းအချို့က လုပ်ငန်းခွင်စွန့်ခွာမှုများပြုလုပ်လာသည့်အတွက် နိုင်ငံတစ်ဝန်းတွင် ကျန်းမာရေးဝန်ထမ်းအင်အား များစွာလျော့နည်းခဲ့သည်။ ထိုသို့လျော့နည်းခဲ့သည့်အတွက် လစ်ဟာသွားသည့် ပြည်သူ့ကျန်းမာရေးကွက်လပ်ကို တပ်မတော်ဆေးရုံနှင့် ဆေးတပ်များက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြည်သူလူထုအကျိုးပြုဆေးကုသမှုလုပ်ငန်းများကို သာမန်အချိန်များတွင်သာမက သဘာဝဘေးအန္တရာယ်များကျရောက်သည့်အချိန်များတွင်လည်း ရှေ့တန်းမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၀၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ်တွင်ဖြစ်ပွားခဲ့သည့် ဂီရိဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၁၊ ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈ နှင့် ၂၀၂၀ ပြည့်နှစ်များတွင် ဖြစ်ပွားခဲ့သည့် ရေဘေးအန္တရာယ်များနှင့် ယခုနှစ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါဆိုင်ကလုန်းမုန်တိုင်း စသည့်သဘာဝဘေးအန္တရာယ်များကျရောက်သည့်အခါများတွင် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များက ဖြစ်ပွားရာဒေသများသို့သွားရောက်ပြီး ပြည်သူများအား ကျန်းမာရေးဆိုင်ရာ ကာကွယ်၊ ကုသ၊ စောင့်ရှောက်မှုများပေးခဲ့သည်။

တပ်မတော်သည် နိုင်ငံအတွက်လိုအပ်နေသော ဆေးပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များနှင့် ဆေးဘက်ဆိုင်ရာပညာရပ်များ မြင့်မားတိုးတက်လာရေးအတွက် စဉ်ဆက်မပြတ် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ဆေးပညာဘွဲ့များအပြင် ပညာရပ်ဆိုင်ရာအဆင့်မြင့်ဘွဲ့ဒီဂရီများရရှိအောင် တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အပြင် နိုင်ငံတကာဆေးပညာတက္ကသိုလ်များသို့စေလွှတ်ပြီး အဆင့်မြင့်ဆေးပညာများ သင်ယူစေကာ ဆေးပညာရှင်များ မွေးထုတ်ပေးခဲ့သည်။ အလားတူ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်များတွင်လည်း သူနာပြုနှင့်ကျွမ်းကျင်သူများကို မွေးထုတ်ပေးခဲ့ပြီး နိုင်ငံတကာသို့လည်း စေလွှတ်ကာ အဆင့်မြင့်ဆေးပညာများ လေ့လာဆည်းပူးစေခဲ့သည်။

ထိုသို့ ဆေးပညာများကို မြှင့်တင်အားပေးဆောင်ရွက်ခဲ့သည့်အတွက် တပ်မတော်အနေဖြင့် ကျောက်ကပ်အစားထိုးလဲလှယ်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ နှလုံးခုန်နှုန်း ထိန်းညှိစက်ထည့်သွင်းခြင်း၊ နှလုံးသွေးကြော Stent ထည့်ကုသခြင်း၊ ဦးနှောက်နှင့် ရင်ခေါင်းခွဲစိတ်ကုသခြင်းစသည့် အဆင့်မြင့်ကုသမှုမျိုးစုံကို နိုင်ငံတကာနှင့်ရင်ပေါင်တန်းကာ ဆောင်ရွက်နိုင်ခဲ့သည်။ ထို့အပြင် လွန်ခဲ့သည့်တစ်နှစ်အတွင်း အသည်းအစားထိုးခွဲစိတ်ကုသမှုကို ရှစ်ကြိမ်တိုင်တိုင် အောင်မြင်စွာခွဲစိတ်နိုင်ခဲ့သည်။ ယခုအခါ တပ်မတော်ဆေးရုံကြီးလေးရုံတွင် ကင်ဆာရောဂါဝေဒနာရှင်များအားခွဲစိတ်ခြင်း၊ ဓာတ်ရောင်ခြည်ကုသခြင်း၊ ကင်ဆာဆေးဖြင့်ကုသခြင်းတို့ ပြုလုပ်နိုင်တော့မည်ဖြစ်သည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကောင်းမွန်ခဲ့သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ၏ တပ်မတော်ဆေးဘက်ဆိုင်ရာ ပင်မတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ခြင်းနှင့် ပြည်သူများအား ပုံမှန်အချိန်များအပြင် အရေးပေါ်ကာလတွင်ပါ စွမ်းစွမ်းတမံကုသစောင့်ရှောက်ပေးခဲ့ခြင်းများကို ဂုဏ်ယူအသိအမှတ်ပြုအပ်ပါကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်းအတွက် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ လှူဒါန်း

ကျိုင်းတုံ အောက်တိုဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြားသာသာရေးကျောင်း



များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၁ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ လှူဒါန်းရာတွင် မိုင်းယောင်းမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများက မိုင်းယောင်းမြို့နယ် ထေရဝါဒဗုဒ္ဓသာသနာပြု ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်နှင့် စာသင် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃ - ၁၀ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၃၇၇ | ၁၂,၂၅၅,၃၀၀ |
| MTSH | ၃,၀၀၀ | ၃,၀၅၀ | ၂,၃၃၉ | ၇,၀၁၂,၀၅၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၂၀ | ၁၄၈,၀၀၀ |
| FPB | ၁,၇၀၀ | ၁,၇၀၀ | ၁,၁၂၄ | ၁,၉၁၀,၈၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၃၁ | ၇၄,၄၀၀ |
| EFR | ၂,၂၀၀ | ၂,၂၀၀ | ၃၀၀ | ၆၆၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂ | ၁၀,၀၀၀ |
| MAEX | ၁,၈၀၀ | ၁,၈၀၀ | ၃၁၄ | ၅၅၀,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

## နိုင်ငံတော်နှင့် တပ်မတော်အဆင့်မြင့်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်နိုင်သည့် လူတော်လူကောင်းများဖြစ်သည်အထိ သင်ကြားလေ့ကျင့်

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား ဗိုလ်လောင်းများအား စစ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်တက္ကသိုလ်ရှိ နည်းပြအရာရှိများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသားဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ နည်းပြအရာရှိများ၊ နည်းပြဆရာ ဆရာမများနှင့် သင်တန်းသား ဗိုလ်လောင်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က အမှာစကားပြောကြားရာတွင် စာပေပညာ၊ စစ်ပညာများကို သင်ကြားပေးနေသော နည်းပြများအနေဖြင့် မိမိတို့ သင်ကြားပေးရသည့် ဘာသာရပ်များကို ကိုယ်တိုင်ကျွမ်းကျင်စွာ တတ်မြောက်ရန်လိုအပ်ပြီး ပြောင်းလဲတိုးတက်နေသော Revolutionary of Military Affair (RMA) စစ်မှုရေးရာတော်လှန်ပြောင်းလဲမှု နည်းပညာများနှင့် လိုက်လျောညီထွေ တတ်သိနေရန်အတွက် စဉ်ဆက်မပြတ်လေ့လာဆည်းပူးသွားရန် လိုကြောင်း၊ တပည့်များ၏ရှေ့တွင် မားမားမတ်မတ်ရပ်ကာ သင်ကြားပေးနေရသူများဖြစ်၍ သွားလာနေထိုင်မှု၊ ပြောဆိုဆက်ဆံမှု၊ ဝတ်စားဆင်ယင်မှုကအစ ဆရာဟူသော ဂုဏ်ပုဒ်နှင့်အညီ စံနမူနာပြဖြစ်နေအောင် နေထိုင်ကျင့်ကြံသွားကြရန် လိုကြောင်း။

နည်းပြများအနေဖြင့်အိုးကောင်းရရှိရန် အကြိမ်ကြိမ်ထုဆစ်ပြုပြင်ရသည့်အိုးထိန်းသည်ကဲ့သို့ကျင့်ကြံ၍ တပည့်များကို အကြိမ်ကြိမ်အဖန်ဖန် သွန်သင်ဆုံးမ ပြုပြင်ပေးနေရန်လိုကြောင်း၊ တပ်မတော် လေ့ကျင့်ရေး ဆောင်ပုဒ်ဖြစ်သည့် ချွေးထွက်များမှ သွေးထွက်နည်းမည်ဟူသည့် ဆောင်ပုဒ်အတိုင်း ပြင်းပြင်းထန်ထန် လေ့ကျင့်ပေးနေရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်က အားကိုးအားထားပြုနိုင်သည့် စံပြစစ်ဘက်ခေါင်းဆောင်ကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း၊ စစ်ဘက်နှင့် စာပေပညာသင်ကြားပေးသော နည်းပြများအနေဖြင့် မိမိတို့ တတ်သိသည့် စစ်ဘက်ပညာ၊ စာပေပညာရပ်များနှင့် ဖြတ်သန်းခဲ့ရသည့် လက်တွေ့ဘဝအတွေ့အကြုံ၊ အခက်အခဲများကို ရင်ဆိုင်ကျော်ဖြတ်ခဲ့မှုများအပေါ် မူတည်လျက် တပည့်များ မိမိကဲ့သို့ တတ်ကျွမ်း နားလည်အောင် ကိုယ်ချင်းစာတရားဖြင့် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ စာပေပညာ သင်ကြားပေးရာတွင်လည်း အဆင့်မြင့်ပညာရပ်များဖြစ်သည့် မဟာတန်း၊ ပါရဂူတန်း အဆင့်ဆင့်ထိ ကျွမ်းကျင်တတ်မြောက်ပြီး နိုင်ငံတော်နှင့် တပ်မတော်တို့တွင် လက်တွေ့နယ်ပယ်များ၌ အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်သည်အထိ သင်ကြားပေးရန်လိုကြောင်း။

### သင်ကြားလေ့ကျင့်ပေးရန်လို

စစ်တက္ကသိုလ် သာမက တပ်မတော်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးသင်တန်း တပ်ကျောင်းကြီးများအားလုံးမှ နည်းပြများအားလုံးသည်လည်း မိမိတို့၏ တပည့်များကို မိမိထက် ပိုမိုတတ်မြောက်အောင်၊ တော်အောင်၊ ကျွမ်းကျင်အောင် သင်ကြားလေ့ကျင့်ပေးပြီး အနာဂတ်တွင် စစ်ဘက်နှင့် နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများ အဖြစ် နိုင်ငံတော်နှင့် တပ်မတော်အဆင့်မြင့်တာဝန်များကို ပခုံးပြောင်း ထမ်းဆောင်နိုင်သည့် လူတော်လူကောင်းများ ဖြစ်သည်အထိ သင်ကြားလေ့ကျင့်ပေးရန် လိုကြောင်း။

ဗိုလ်လောင်းများ အနေဖြင့် နေ့စဉ် သစ္စာ(၄)ချက်ကို ရွတ်ဆိုစောင့်သိရသူများ ဖြစ်ချိန်မှစတင်၍ မိမိတို့၏ဘဝတွင် မိဘများက ဆိုင်သာဆိုင်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှသာ ပိုင်ဆိုင်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်က ပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ “ချွေးထွက်များမှ သွေးထွက်နည်းမည်၊ မီးနာမှ သံကောင်းမည်”ဟူသော လေ့ကျင့်ရေးဆောင်ပုဒ်များနှင့် အညီ သင်ကြားလေ့ကျင့်မှုများ အပေါ် ကြိုးစားလေ့ကျင့် သင်ယူရမည်ဖြစ်ကြောင်း၊ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ပြီးချိန်တွင် ပေးအပ်သည့်တာဝန်အလိုက် မိမိကွပ်ကဲအုပ်ချုပ်ရသည့် တပ်အစုအဖွဲ့အပေါ် တော်သင့်မှန်ကန်သည့် ခေါင်းဆောင်မှုပေးနိုင်ရန် လေ့ကျင့်ရေးကာလအတွင်း သင်ကြားပေးနေသည့် စစ်ဘက်နှင့် စာပေပညာရပ်များတွင် ကျွမ်းကျင်တတ်မြောက်သည်အထိ သင်ယူလေ့ကျင့်နေရန်လိုကြောင်း။

စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ ဘဝပေါင်းများစွာသည် ခေါင်းဆောင်၏ ပခုံးထက်တွင် မှီတည်နေသဖြင့် သင်ကြားတတ်မြောက်သည့်စာပေနှင့် စစ်ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်နေရန်နှင့် မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်ရန်အတွက်ဗိုလ်လောင်းဘဝကပင် ကြိုးစားလေ့ကျင့် သင်ယူနေရန် လိုကြောင်း၊ ထမ်းဆောင်ရသည့်ရာထူးတာဝန် ကြီးမားလာသည့်အလျောက် ဘဝများစွာအပေါ်တွင် တာဝန်ရှိလာမည်ဖြစ်၍ မှားယွင်းချွတ်ချော်၍ မရသည်ကို အထူးသတိပြုရန် လိုကြောင်း၊ ထို့ကြောင့် ပြန်တမ်းဝင်အရာရှိဖြစ်ချိန်တွင် လူကြီးစိတ်မွေး၍ ဦးစီးဦးဆောင်ပြုနိုင်ရမည် ဖြစ်ကြောင်း၊ တပ်မတော်တွင် အက်ဥပဒေ၊ နည်းဥပဒေနှင့် စည်းမျဉ်း၊ စည်းကမ်းများရှိပြီးဖြစ်၍ သိရှိလိုက်နာရန် လိုအပ်ပြီး ပုဂ္ဂိုလ်ရေးဆိုင်ရာခံစားချက်များကို ရှေ့တန်းတင်ဆောင်ရွက်ခြင်း မပြုရန်လိုကြောင်း၊ သို့ဖြစ်၍ ဗိုလ်လောင်းများအနေဖြင့် သင်ကြားလေ့ကျင့်မှုများအပေါ် ခံယူချက်၊ ယုံကြည်ချက်ဖြင့် စာပေပညာ၊ စစ်ပညာများကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန် လိုကြောင်း။

တပ်မတော်သားများ အနေဖြင့် တပ်ရင်း/တပ်ဖွဲ့အလိုက် လုပ်ငန်းတာဝန် ထမ်းဆောင်မှုနှင့် အခေါ်အဝေါ် မည်သို့ပင်ကွဲပြားမှုများရှိသော်လည်း သစ္စာလေးချက်စောင့်သိမှုနှင့် နိုင်ငံတော်မှ ပေးအပ်သော အခွင့်အရေးများကို တူညီစွာ ခံစားနေကြသူများဖြစ်ပြီး နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို အန္တိမ ရည်မှန်းချက်အဖြစ် ဦးလည်မသုန် ထမ်းဆောင်နေကြသူများသာ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ထမ်းဆောင်နေသော တာဝန်အစိတ်အပိုင်းအလိုက် ညီညွတ်စွာ ပေါင်းစပ်၍ အောင်မြင်အောင် ဆောင်ရွက်ကြရန် လိုကြောင်း။

နိုင်ငံတော်တာဝန် ဆောင်ရွက်နေမှုအပိုင်းနှင့် ပတ်သက်၍ ယနေ့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ ယခင် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပြီးမြောက်ခဲ့ပြီးဖြစ်သည့် လုပ်ငန်း ၃ ရပ်အစား အခြေအနေ၊ အချိန်အခါနှင့် ကိုက်ညီလျက်ရှိသည့် အချက်သုံးချက်ကို အစားထိုး ချမှတ်ခဲ့ကြောင်း။

### ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိ

နိုင်ငံတစ်ဝန်းလုံး လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်ရန် ကိစ္စ၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေး ဆောင်ရွက်ရန်ကိစ္စနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ထောင်ရန်ကိစ္စ စသည့် လုပ်ငန်းစဉ်၃ ရပ် အသစ်ကိုပြင်ဆင်ထည့်သွင်းလျက် မူလရှိပြီး ထာဝရငြိမ်းချမ်းရေးဆိုင်ရာ ကိစ္စနှင့် အထွေထွေရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များပါဝင်သည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် အသစ်ကို ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ မူလဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် တပ်မတော်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ၊ လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် အဖွဲ့များနှင့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပြီး ထာဝရ ငြိမ်းချမ်းရေးအတွက်

စာမျက်နှာ ၄ သို့ »»

❖ ဗိုလ်လောင်းများအနေဖြင့် နေ့စဉ် သစ္စာ(၄)ချက်ကို ရွတ်ဆိုစောင့်သိရသူများဖြစ်ချိန်မှစတင်၍ မိမိတို့၏ဘဝတွင် မိဘများက ဆိုင်သာဆိုင်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှသာ ပိုင်ဆိုင်ခြင်းဖြစ်၍ နိုင်ငံတော်နှင့် တပ်မတော်ကပေးအပ်သည့် တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်

❖ “ချွေးထွက်များမှ သွေးထွက်နည်းမည်၊ မီးနာမှ သံကောင်းမည်”ဟူသော လေ့ကျင့်ရေးဆောင်ပုဒ်များနှင့်အညီ သင်ကြားလေ့ကျင့်မှုများအပေါ် ကြိုးစားလေ့ကျင့်သင်ယူရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၆) သင်တန်းသားဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

**✪ ရှေ့ဖုံးမှ**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းစီတွေ့ဆုံမေးမြန်း၍ စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

**နေ့လယ်စာ အတူတကွသုံးဆောင်**

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် တပ်မတော်အရာရှိကြီးများသည် အနော်ရထာ တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌လည်းကောင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တပ်မတော်အရာရှိကြီးများသည် ဘုရင့်နောင် တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ လည်းကောင်း သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကား ပြောကြားသည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

»»» **စာမျက်နှာ ၃ မှ**

ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရေး အမြဲတမ်းတံခါးဖွင့်ထားပါကြောင်း၊ ဥပဒေနှင့်အညီလွတ်တော်မှတစ်ဆင့် ရပိုင်ခွင့်များကို တောင်းဆိုနိုင်သည့် အခွင့်အရေး ရရှိရန် နည်းလမ်းကောင်းများကိုလည်း ဖိတ်ခေါ်၍ ရှင်းလင်းဆွေးနွေးပေးလျက် ရှိပါကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် လာမည့် အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်မည့် NCA (၈)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော်တွင် ကျင်းပနိုင်ရန် အတွက် အလေးထား စီမံဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ပေါ်ပေါက်လာရခြင်းသည် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုကို အခြေခံ၍ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဦးစီး ဦးဆောင်ပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် လိုအပ်ပါကြောင်း၊ မှန်ကန်မျှတမှုရှိစေရေး အခြေခံကျသည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ ကိစ္စရပ်များ၊ နိုင်ငံသားမှတ်ပုံတင်စိစစ်ခြင်းဆိုင်ရာ ကိစ္စရပ်များကို IT နည်းပညာ အသုံးပြုလျက် စိစစ်ဆောင်ရွက်လျက် ရှိခြင်းနှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူရေးအတွက် အကြိုကာလအဖြစ် ယခု ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ နိုင်ငံတော်အတွင်း ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အခြေခံသည့် MSME လုပ်ငန်းများကို အားပေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ထုတ်ကုန်မှသည် ပို့ကုန်သို့ မြှင့်တင်ဆောင်ရွက်နိုင်ရန် လုပ်ငန်းလိုအပ်ချက်အရ အရင်းအနှီးရရှိစေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကိုလည်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

**ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်နိုင်ရေး နည်းမျိုးစုံသုံးပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိ**

ယနေ့ကာလတွင် နိုင်ငံကြီးအချို့သည် ဘက်စုံစစ်ပွဲအသွင်ဖြင့် Soft Power နှင့် Hard Power များကို အသုံးပြု၍ မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်သို့ ကြိုးပမ်းနေသည့် နိုင်ငံငယ်များအပေါ် ပြည်တွင်းရေးဝင်ရောက်စွက်ဖက်နိုင်ရေး နည်းမျိုးစုံသုံးပြီး ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်ကို အထူးသတိထားစောင့်ကြည့်ရန်နှင့် ရင်ဆိုင်ရသော အခက်အခဲများကို နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ ပေါင်းစည်းစွမ်းအားဖြင့် ညီညွတ်စွာ လက်တွဲဆောင်ရွက်ကြရန်လိုကြောင်း။

ထိုသို့ ဆောင်ရွက်နိုင်ရန် တပ်မတော်သားများ အားလုံးသည် စည်းလုံးညီညွတ်နေရန်လိုကြောင်း၊ တပ်မတော်သားများ လိုက်နာကြရန် Code of Conduct အဖြစ် စစ်သည်တော် ကျင့်ဝတ်အပါး ၆၀ ကို ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ စစ်သည်အချင်းချင်း ပြုကျင့်ရမည့် ကျင့်ဝတ် ၂၀ ပါး၊ အထက်အကြီးအကဲများ ပြုကျင့်ဝတ် ၁၀ ပါး၊ လက်အောက်အပေါ် ပြုကျင့်ရမည့် ကျင့်ဝတ် ငါးပါး အတိုင်း တိကျစွာ လိုက်နာမှသာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှုတွင် ရေပက်မဝင်အောင် ခိုင်မာနေမည်ဖြစ်ကြောင်း၊ တပ်တွင်း စည်းလုံး ညီညွတ်မှသာလျှင် တပ်ပြင် စည်းလုံးရေးကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် အရာရှိ၊ စစ်သည်များ ပူပင်ကြောင့်ကြမှု ကင်းစွာ လုပ်ငန်းတာဝန် အောင်မြင်အောင် ထမ်းဆောင်နိုင်ရေးအတွက်သာမက မိမိ မိသားစုဝင်များပါ ဝင်ငွေ/ထွက်ငွေ ညီညွတ်မျှတစေရေး တာဝန်ရှိသူအဆင့်ဆင့်က ထိန်းကျောင်းပေးရန်လိုကြောင်း၊ ဝင်ငွေ/ထွက်ငွေ မျှတစေရန်နှင့် ဆေးလိပ်၊ အရက်၊ လောင်းကစားများမှအစ အသုံးနှင့် အဖြုန်းကို ထိန်းသိမ်းပြီး ကိုယ်တိုင်နှင့် မိသားစုများပါ စနစ်တကျ နေထိုင်ကြရန်လိုကြောင်းနှင့် လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်၍ ပြဋ္ဌာန်းထားသော ဆောင်ရန်၊ ရှောင်ရန် ကိစ္စရပ်များအား အလေးထား စောင့်ထိန်းလိုက်နာသွားရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲ တက်ရောက်

**ထားဝယ် အောက်တိုဘာ ၃**

တနင်္သာရီတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် အောင်နိုင်ရေးအလံပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

**စိစစ်ရွေးချယ်**

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်၊ (၁၅-၂၀)နှစ်၊ အဆင့်မြင့်ပညာအဆင့်၊ ဝါသနာရှင်အဆင့်တို့တွင် ပြိုင်ပွဲဝင် ၁၀၉ ဦးတို့၏ ယှဉ်ပြိုင်မှုများကို အကဲဖြတ်ဒိုင်အဖွဲ့ဝင်များက စိစစ်ရွေးချယ် အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ဆုရရှိသူ ပြိုင်ပွဲဝင်များက ပြန်လည်ဖျော်ဖြေတင်ဆက် ကပြခဲ့ကြသည်။




ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊

ဆက်လက်၍ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြိုင်ပွဲအထိမ်းအမှတ် ဂုဏ်ပြုပန်းခြင်းကိုလည်းကောင်း၊ ဒိုင်ချုပ်အဖွဲ့နှင့် အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ကိုလည်းကောင်း ချီးမြှင့်ပြီး နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် ဗဟိုအဆင့်ပြိုင်ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည့် တိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ကာ တနင်္သာရီတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောင်မြင်စွာ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ

**ဟိုပုံး အောက်တိုဘာ ၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည်။

**ရှင်းလင်းပြောကြား**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ခွန်စံလွင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် လိုအပ်ချက်များ၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များကို မိမိတို့အနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်နှင့် လိုအပ်ပါက ပြည်ထောင်စုအဆင့်မှ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး ဒေသခံပြည်သူလူထုနှင့် လာရောက်တွေ့ဆုံရခြင်း ဖြစ်ပါကြောင်း၊ ဒေသ၏ လိုအပ်ချက်များအပေါ် ပြည်နယ်အစိုးရ၏ လုပ်ပိုင်ခွင့်ဖြင့် ဆောင်ရွက်နိုင်သည့် အပိုင်းကို ပြည်နယ်ဝန်ကြီးချုပ်က ဖြေရှင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုမှ ဆောင်ရွက်ပေးရမည့် ကဏ္ဍများကို ပြည်ထောင်စုအဆင့်သို့ ဆက်လက်တင်ပြ ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ဒေသဆိုင်ရာ အချက်အလက်များကိုတင်ပြပြီး ဟိုပုံးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက ဟိုပုံးမြို့နယ်ဆိုင်ရာ အချက်အလက်များကို တင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆန်စက်လုပ်ငန်းရှင်၊ ကော်ဖီလုပ်ငန်းရှင်၊ မွေးမြူရေးလုပ်ငန်းရှင်၊ ထောပတ်အစုအဖွဲ့၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် လိုအပ်ချက်နှင့် အခက်အခဲများကို တင်ပြဆွေးနွေး၍ အထွေထွေဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ဖြေရှင်းဆောင်ရွက်ပေးသည်။

**ထောက်ပံ့ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်စကားပြောကြားပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဌာနဆိုင်ရာများအား ထောက်ပံ့ငွေများပေးအပ်ရာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ညွှန်ကြားရေးမှူး ဦးတင်ထူးမောင်က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က လုံခုတ်၊ ပေါင်လင်းဌာနေပြည်သူ့စစ် အဖွဲ့ဝင်များအား စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်၍ ပြည်နယ်ဝန်ကြီးများက တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား ချီးမြှင့်ငွေပေးအပ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဟိုပုံးမြို့ တုံခမ်းကျောင်းတိုက် မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဦးအာလောကအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပေါင်လင်း) သို့ သွားရောက်၍ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ကွန်ပျူတာခန်း၊ မွေးမြူရေးခန်း၊ စိုက်ပျိုးရေးခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ဟန်လွဲကျေးရွာ နမ့်တဘက်ချောင်းတွင် ရွှေဝါငါးကြင်းကောင်ရေ ၃၆၅၀၀၊ ငါးခုံးမကြီး ၃၆၅၀၀၊ ငါးမြစ်ချင်း ၃၆၀၀၀ စုစုပေါင်း ငါးကောင်ရေ ၁၀၉၀၀၀ တို့ကို ငါးမျိုးစိုက်ထည့်ပေးကြသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (ပေါင်လင်း)၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို အားပေးစကားပြောကြားစဉ်။

# အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်ခြင်းနည်းပညာပေးသင်တန်း ဒုတိယနေ့အစီအစဉ် ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီးတွင် အလားအလာရှိသော ထုတ်ကုန် (အုန်းသီး) တန်ဖိုးကွင်းဆက်တစ်လျှောက် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်း စီမံကိန်း၏ လုပ်ငန်းအစီအစဉ်အရ အုန်းသီးတန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ခြင်း နည်းပညာပေးသင်တန်း ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီခွဲတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သင်တန်းခန်းမ၌ ဆက်လက်ကျင်းပသည်။

သင်တန်း ဒုတိယမြောက်နေ့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဌေးဌေးဝေ က အုန်းသီးရေခဲမုန့်ပြုလုပ်ခြင်းအတွက် ပါဝင်သည့်ပစ္စည်းများနှင့် ပြုလုပ်နည်း၊ အုန်းစိမ်းဂျယ်လီနှင့် အုန်းသီးအချိုရည်ပြုလုပ်ခြင်း၊ အုန်းဆီနှင့် အုန်းနို့မှုန့်ပြုလုပ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# နယ်စပ်ရေးရာဝန်ကြီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**တောင်ကြီး အောက်တိုဘာ ၃**

ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၁၅/၄ မိုင်၊ အမာခံလမ်း ၂/၀မိုင်၊ ကျောက်လမ်း ၉/၆မိုင်၊ ကွန်ကရစ်တံတားသုံးစင်းနှင့် Box Culvert ၆၃ စင်းကို စုစုပေါင်းခွင့်ပြုရန်ပုံငွေ ၂၉၈၅ ဒသမ ၁၉၇ ကျပ်သန်းဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ပြီးစီးရေးအတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။ နယ်စပ်ရေးရာဝန်ကြီးဌာနက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာ ၈၁ ရွာမှ လူဦးရေ ၄၂၀၂၅ ဦးတို့၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုဆောင်းပါး

# နိုင်ငံနဲ့လူ့အဖွဲ့အစည်းရဲ့အနာဂတ်ဟာ ဆရာများရဲ့ပခုံးပေါ်မှာပါ

ဒေါက်တာမောင်သင်း

**(ယမန်နေ့မှအဆက်)**

**နိုင်ငံပြန်လည်ထူထောင်ရေးအစ ကျောင်းဆရာများက**

ယနေ့တွင် မြန်မာ့သမိုင်းက အမျိုးသား ကျောင်းဆရာများ၏ ကောင်းမြတ်သောအစဉ်အလာဖြစ်သည့် ခေတ်ကိုကြိုမြင်မှုနှင့် တိုင်းကျိုးပြည်ပြု နိုင်ငံရေးအမြင်ကျယ်ပြန့်မှုတို့ကို ဆက်လက်ရယူထိန်းသိမ်းပြီး လက်ဆင့်ကမ်းအကောင်အထည်ဖော်ရမည့်ကာလဟု မြင်မိပါသည်။ မြန်မာ့ကျောင်းဆရာကြီးများ သူတို့ခေတ်တွင် လွတ်လပ်ရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးရအောင် ဦးဆောင်ကြိုးပမ်းခဲ့သလို တိုင်းပြည်ကို သူများတွေလို တူတူတန်တန် ဖွံ့ဖြိုးတိုးတက်အောင်၊ သူများထက် မနိမ့်အောင်သယ်ပိုးကြမည့် နိုင်ငံရေးအမြင်ကျယ်သော မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးသည် ယနေ့မိမိတို့ကျောင်းဆရာများ၏ ပခုံးပေါ်ရောက်နေသောတာဝန်ဖြစ်ပါသည်။ ယနေ့ခေတ်၏ သမိုင်းက မိမိတို့ပခုံးပေါ်တင်ပေးလိုက်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရန် အထူးလိုအပ်နေပါပြီ။ ဂျပန်ခေတ်မှာ ဆရာမကြီး ဒေါ်ခင်မျိုးချစ်က " **ဂျပန်သတ်လို့သေရမှာထက် ခေတ်က ပခုံးပေါ်တင်ပေးလိုက်တဲ့သမိုင်းပေးတာဝန်မကျေမှာကို ပိုပြီးကြောက်ပါသတဲ့**"ဟူသည့် **"သမိုင်းပေးတာဝန်ကျေပွန်မှု"** အား အထူးအလေးထားမှုကို အတုယူသင့်ပါသည်။

ယခုအချိန်သည် ဦးသန့်၊ ဦးနု၊ ဦးရာဇတ်၊ ဦးဘဝင်းတို့ခေတ်လို နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းနေရမည့်အချိန်မဟုတ်တော့ပါ။ လွတ်လပ်ရေးခေါင်းဆောင်များ မွေးဖွားရမည့်ကာလမဟုတ်ပါ။ နိုင်ငံထူထောင်ရေးခေါင်းဆောင်များ မွေးဖွားရမည့်၊ တိုင်းပြည်ကို ပြန်လည်ထူထောင်ရမည့် အချိန်ဖြစ်ပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း ကျောင်းဆရာကြီး ဦးနုက **"နိုင်ငံတော်ကို ဖိုးသုညနှင့် (စာမတတ်၊ ပေမတတ်၊ ပညာမဲ့တွေ၊ ကျောင်းမပျော်၊ ကျောင်းမနေ၊ ကျောင်းမတက်တဲ့သူတွေ) တည်ဆောက်၍မရပေ"**ဆိုပြီး ခေတ်ကို ကြိုမြင်ခဲ့၍ **"လူထုပညာရေးဥပဒေ"** ထုတ်ပြီး စာတတ်မြောက်ရေး ကြိုးပမ်းခဲ့ပါသည်။ ယနေ့ခေတ်က စာတတ်ရုံအဆင့်တွင် မကတော့ပါ။ အဖျက်သမားကြောင့် နာလန်မထူနိုင်သေးသည့်နိုင်ငံကို တိုင်းပြည်ပြန်လည်ထူထောင်မည့် **"အသိပညာရှင်" "အတတ်ပညာရှင်"** စသည့် အဆင့်မြင့်ပညာရှင်များစွာ မွေးဖွားပေးရမည့်အချိန်ဖြစ်ပါသည်။

ထို့အတွက်ကြောင့် ကမ္ဘာ့ဆရာများနေ့ (၂၀၁၀) ၏ ဆောင်ပုဒ်ဖြစ်သည့် **"ပြန်လည်ထူထောင်ရေးစွမ်းဆောင်မှု၊ ဆရာများဖြင့်အစပြု"** သည် ယနေ့မိမိတို့နိုင်ငံအနေဖြင့် အကိုက်ညီဆုံးအချိန်ဖြစ်နေပါသေးသည်။ " **နိုင်ငံထူထောင်ရေးကို သမိုင်းထဲက ဆရာများလိုပင် ပညာတတ်များဖြစ်သည့် မြန်မာ့ဆရာကောင်း၊ ဆရာမြတ် ဆရာများက စလိုက်ပါစို့**"ဟု တိုက်တွန်းချင်ပါသည်။

အဘယ်ကြောင့်ဆိုသော် ဆရာများသည် တော်သလောက်ကောင်းသည့် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် မွေးထုတ်နိုင်သောကြောင့်ဖြစ်ပါသည်။ အထက်ပါကဲ့သို့ နိုင်ငံနှင့် လူ့အဖွဲ့အစည်းကောင်းကျိုးကို သယ်ပိုးသူများ မွေးထုတ်လေ့ကျင့်ပေးသည့် အစဉ်အလာကောင်းများကို သမိုင်းစဉ်ဆက်ပိုင်ဆိုင်လာခဲ့သော ဆရာများဖြစ်သောကြောင့် **"ရစ်ချတ်-အာ-ဂရင်း"** (Richand R.Green) ဆိုသည့် ပညာရှင်က **"နိုင်ငံတော်၏အနာဂတ်သည် ဆရာများ၏ပခုံးပေါ်တွင် ကျရောက်နေသည်။ တပည့်များကို ဘယ်လိုသင်ကြားပေးနေသလဲအပေါ် မူတည်နေသည်။ ကမ္ဘာကြီး၏ အနာဂတ်သည် ဆရာများသင်ကြားပေးနေသည့် ကျောင်း၏စာသင်ခန်းများတွင် ရှိနေပါသည်**"ဟူ၍ ယနေ့ကမ္ဘာတွင် မြတ်ဆရာ၏ အခန်းကဏ္ဍကြီးမားပုံကို ဖော်ညွှန်းခဲ့ပါသည်။

ဆောင်းပါးအစ တစ်နေရာမှာ ဖော်ညွှန်းခဲ့သည့် ဆရာမြတ်များ၏တာဝန်မှာ **"ဤအမိမြန်မာနိုင်ငံမှာမွေးဖွားပြီး မြန်မာနိုင်ငံသားဖြစ်ရခြင်းကို ဂုဏ်ယူတတ်ကာ မိမိနိုင်ငံနှင့် လူမျိုး မိမိကြောင့် ဂုဏ်တက်အောင် စွမ်းဆောင်ပေးမည့် နိုင်ငံသားကောင်းများဖြစ်ထွန်းလာသည်အထိ"** ဆရာများ၏ စာသင်ခန်းများက မဖြစ်မနေလေ့ကျင့်ပေးရပါလိမ့်မည်။

**ကျောင်းဆရာဆိုတာ နိုင်ငံကာကွယ်ရေးသမားပါ**

ကျောင်းဆရာများသည် ကာကွယ်ရေးအမြင်ရှိရမည်ဆိုသည်ကိုလည်း ကမ္ဘာကျော်အတွေးအခေါ်ပညာရှင်ကြီး ဘာထရန်ရပ်ဆဲလ်က **"နိုင်ငံကာကွယ်ရေးမှာ လက်နက်ကိုင်များတွင် တာဝန်ရှိသလောက် ကျောင်းဆရာများတွင်လည်း တာဝန်ရှိပေသည်။ ဤသည်မှာ ယဉ်ကျေးသောလူ့အဖွဲ့အစည်း၏ တာဝန်လည်းဖြစ်ပေသည်**"ဟု ကျောင်းဆရာ၏ တာဝန်ကြီးမားပုံကို ဖွင့်ဆိုထားပါသည်။ နိုင်ငံကာကွယ်ရေးဟုဆိုလိုက်လျှင် တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ် စသည့်အဖွဲ့အစည်းများလောက်သာ ပြေးမြင်မိကြသည်။ သူတို့ရင်ဆိုင်ကာကွယ်သည့်နေရာသည် ဒုတိယကာကွယ်ရေး ဒုတိယခံကတုတ်ဟု မြင်မိပါသည်။ **"မူလပထမခံကတုတ်နေရာသည် ကျောင်းဆရာများ၏ ကျောင်းစာသင်ခန်း"**များပင် ဖြစ်ပါသည်။ ကျောင်းဆရာများသည် နိုင်ငံကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် အောက်ပါတို့ကို မျိုးဆက်တိုင်း ပြည့်ဝနေအောင် သင်ပေး၊ လေ့ကျင့်ပေးနေသည်။ ယင်းတို့မှာ-

(က) အသိဉာဏ်ပညာမြင့်မားအောင် ဆောင်ရွက်ခြင်း၊
(ခ) နိုင်ငံကြီးသားစိတ်ထား ကြွယ်ဝအောင် ဖြည့်ဆည်းခြင်း၊
(ဂ) ခိုင်မြဲသည့်အကျင့်စာရိတ္တ ရှိနေအောင် စွမ်းဆောင်ခြင်း၊
(ဃ) အမျိုးသားရေး "စံ" များ ပျက်သုဉ်းမှုကို ကာကွယ်စောင့်ရှောက်ခြင်း၊
(င) အစွန်းရောက်မှုမြင့်မားခြင်းနှင့်တရားမျှတခြင်း အားနည်းမှုမရှိရလေအောင် ဆောင်ရွက်ပေးခြင်း၊
(စ) ဒီမိုကရေစီစိတ်ထားနှင့် အလေ့အကျင့် ခေါင်းပါးမှု ကင်းဝေးအောင် လေ့ကျင့်ပေးခြင်း၊
(ဆ) ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးထိန်းသိမ်းကာကွယ်လိုသည့်ခံယူချက် မြင့်မားအောင် ဆောင်ရွက်ခြင်း စသည်တို့ဖြစ်ပါသည်။

နိုင်ငံသားတစ်ဦးချင်းစီတွင် တောင့်တင်းခိုင်မာစွာရှိနေမည့် အထက်ပါအရည်အသွေးများ ပြည့်ဝနေစေရန် ဆရာများက ကျောင်းများတွင် လေ့ကျင့်ပေးနေပါသည်။ နိုင်ငံသားတစ်ဦးချင်းစီတွင် မရှိမဖြစ်လိုအပ်သည့် အရည်အသွေးများ ချွတ်ခြုံကျမှုကို တွန်းလှန်ကာကွယ်နေခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားတိုင်းရှိရမည့် အဆိုပါကိုယ်ခံအားများ ကျဆင်းလာပြီဆိုလျှင် အမှားအမှန်ခွဲခြားနိုင်မှုကင်းပြီး ပြောသမျှယုံ၊ ခိုင်းသမျှသာ လုပ်တတ်သည့်အဆင့်သို့ လူ့အရည်အသွေးနိမ့်ဆင်းလာတော့သည်။ ဤသည်ကို အကွက်ချောင်းနေသော ခေတ်သစ်ကိုလိုနီနယ်ချဲ့များက မီဒီယာမျိုးစုံဖြင့် မှိုင်းတိုက်၊ ယုံအောင်ဇာတ်သွင်းကြတော့သည်။

တိုင်းရင်းသားစည်းလုံးမှု၊ ညီညွတ်မှု၊ ချစ်ကြည်မှုကို ဖြိုခွဲ၏။ ပြီးလျှင် ခေတ်သစ်ကျွန်ပြုရန် အကြံဖြင့် **"အိမ်ကြက်ချင်း အိုးမဲသုတ်ခွပ်ခိုင်းသည့်ပမာသို့"** အချင်းချင်းရန်တိုက်ပေး၏။ နိုင်ငံသားများ၏ စည်းလုံးမှုအင်အား ချည့်နဲ့အောင်လုပ်ပြီးနောက် အဝေးထိန်းဖြင့် အချုပ်အခြာအာဏာကို ယိုင်နဲ့အောင်ပြု၏။ ကျွန်ဇာတ်သွင်းလို၏။ ဤဇာတ်ညွှန်းမျိုးအတိုင်းလိုက်ပြီး မကမိစေရန် ဆရာများက ခေတ်အဆက်ဆက်ကြိုမြင်ခဲ့၏။ ကြိုကာကွယ်ခဲ့၏။ ထိန်းသိမ်းတည့်မတ်ပေးခဲ့ကြ၏။ ဉာဏ်ပညာဖြင့်တွန်းလှန်၏။ နိုင်ငံသားတိုင်းကို အမျိုးသားရေးကိုယ်ခံအားများချည့်နဲ့နေမှု ကင်းဝေးစေရန်နှင့် ပိုမိုတောင့်တင်းခိုင်မာသည်ထက် ခိုင်မာအောင် မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်တည်ဆောက်ပေးနေကာ နိုင်ငံတော်ကို ပထမအဆင့် ခံကတုတ်နေရာမှ ကာကွယ်နေသည်က ယနေ့ကျောင်းဆရာများဟု မြင်မိပါသည်။ **"နိုင်ငံတော်ကာကွယ်ရေးအစ စာသင်ခန်းက"** ဟု ညွှန်းဆိုချင်ပါသည်။ ယနေ့ မြန်မာ့မြတ်ဆရာများ၏ တာဝန်ကြီးလေးမှုဟု ဖော်ညွှန်းပါရစေ။ စာသင်ပေးရုံဖြင့်၊ ကျောင်းသားစာမေးပွဲအောင်မှတ်များများရရုံဖြင့် ဆရာ့တာဝန်ကျေပွန်ပြီဟု မမှတ်ယူအပ်ပေ။

**ကျောင်းဆရာဆိုတာ ငြိမ်းချမ်းရေးဗိသုကာများပါ**

ကုလသမဂ္ဂအဖွဲ့ကြီးက ငြိမ်းချမ်းရေးဆောင်ရွက်လာသည်မှာ နှစ် ၈၀ နီးပါးရှိခဲ့ပါပြီ။ သို့သော် ယနေ့ကမ္ဘာ့နိုင်ငံများအချင်းချင်း ဖြစ်ပွားနေသော စစ်ပွဲများ၊ ပြည်တွင်းစစ်များနှင့် ပြည်သူများအကြား မပြေလည်မှုများ၊ ပဋိပက္ခများ၊ အဓိကရုဏ်းများ အနှံ့အပြားရှိနေဆဲပင်ဖြစ်သည်။ ထိုသို့ဖြစ်နေကြခြင်းမှာ အစွန်းရောက်မှုအယူအဆများ အားကြီးပြီး တရားမျှတမှု အားနည်းခြင်းကြောင့်ဖြစ်ပါသည်။ ပြီးလျှင် တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှု အားနည်းကြသည်လည်း ပါပါသည်။ ထိုအဖြစ်မျိုးကို ပညာကိုယ်ခံစွမ်းအား နိမ့်ကျနေသောဒေသများတွင် တွေ့ရပါသည်။ အာဖရိကနှင့် အရှေ့ဥရောပနိုင်ငံများက ထင်ရှားသည့်သာဓကဖြစ်ပါသည်။

ပညာရည်မြင့်မားသည့် အရပ်ဒေသများ မတွေ့ရပေ။ ယင်းမှာ မှန်ကန်ကြောင်းကို တောင်ကိုရီးယား၊ ဂျပန်၊ အနောက်ဥရောပနိုင်ငံများ၊ ကနေဒါနှင့် စင်ကာပူနိုင်ငံတို့က သက်သေပြနေပါသည်။ ဘက်စုံအတွေးအခေါ်၊ မှန်ကန်သော ပညာဉာဏ်ရင့်သန်မှုသည် ပဋိပက္ခကင်းဝေးရေး၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တပည့်များကို ဘက်စုံတွေးတတ်၊ မြော်မြင်တတ်သည့် မျိုးဆက်များအဖြစ် ပညာအလင်းရောင် ထွန်းညှိပေးနိုင်သူများမှာ ကျောင်းဆရာများပင်ဖြစ်သည်။ ကမ္ဘာတွင် ပညာမဲ့မှုကြောင့် အဓမ္မလွှမ်းမိုးသည်ကို မျိုးဆက်တစ်ခုပြီးတစ်ခု ပညာစွမ်းအားဖြင့် တိုက်ဖျက်နိုင်စွမ်းရှိပြီး ကမ္ဘာ့ငြိမ်းချမ်းရေးကို ဆောင်ရွက်နိုင်စွမ်းရှိသူများသည် **"ကျောင်းဆရာ"** များဆိုသည်ကို အသိအမှတ်ပြုပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့လေးဖွဲ့က အောက်တိုဘာလ ၅ ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"** ဟု သတ်မှတ်ဂုဏ်ပြုခဲ့ကြပါသည်။

**"သမိုင်းမှာရော၊ ယနေ့မှာရော ကြုံတွေ့နေရတဲ့ နိုင်ငံရေးပြဿနာတွေနဲ့ စစ်ပွဲတွေဟာ လူ့စာရိတ္တအားနည်းမှုကြောင့် ပေါ်ပေါက်လာတာပါ**"ဟု ပညာရှင်များက မှတ်ချက်ပြုခဲ့ပါသည်။ လူ့အဖွဲ့အစည်းတွင် အစွန်းရောက်မှုကင်းဝေးရေးနှင့် တရားမျှတမှု လွှမ်းမိုးရေးသည် ကျောင်းဆရာများက လေ့ကျင့်ပေးလိုက်သော မျိုးဆက်သစ်များ၏ ဓမ္မနှင့် အဓမ္မ၊ အမှားနှင့်အမှန် ခွဲခြားနိုင်မှု၊ လူမှုပြဿနာအဝဝကို ပညာရည်ပြည့်ဝသည့် ဓမ္မဓိဋ္ဌာန်ကျနစွာ ချဉ်းကပ်နိုင်မှုစွမ်းအားအပေါ် မှီတည်နေပါသည်။ ထိုသို့ဖြစ်ရန် ကြံ့ခိုင်သည့်စာရိတ္တမဏ္ဍိုင်လိုပါသည်။

ကျောင်းဆရာများသည် ခေတ်အဆက်ဆက် မျိုးဆက်တိုင်းကို စာရိတ္တကြံ့ခိုင်အောင် လေ့ကျင့်ပေးရင်း အသိဉာဏ်ဖွင့်၊ ဉာဏ်ပညာမြှင့်တင်ပေးကာ လူအချင်းချင်း ဒုက္ခရောက်စေမည့် အဓမ္မဖြစ်ရပ်များ ကင်းစင်ပပျောက်စေပြီး တရားမျှတမှု(ဓမ္မ) လွှမ်းမိုးအောင် တာဝန်ယူနေကြသူများဖြစ်ပါသည်။ ထိုတာဝန်ယူနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီး၏အဆိုအရ ကမ္ဘာတွင် ဆရာ နှစ်စဉ် ၁ ဒသမ ၃ သန်းလိုအပ်နေပြီး နောင်ဆယ်စုနှစ်တွင် နှစ်ဆတိုးလာပါလိမ့်မည်။ ငြိမ်းချမ်းရေးကိုတည်ဆောက်ပြီး ကာကွယ်ထိန်းသိမ်းကြမည့် ငြိမ်းချမ်းရေးဗိသုကာများသည် ကျောင်းဆရာများဟု ခံယူထားကြ၍ ဖြစ်သည်။ ကျောင်းဆရာသည် တပည့်များကို သူတို့ဘဝတစ်လျှောက်လုံး လိမ္မာယဉ်ကျေးကာ နူးညံ့စိတ်ထားများ ပိုင်ဆိုင်အောင် လေ့ကျင့်ပေးပြီး လူ့ဘောင်လောက ထာဝရငြိမ်းချမ်းသာယာအောင် ဆောင်ရွက်တတ်ကြသူများ ဖြစ်ခြင်းကြောင့် ငြိမ်းချမ်းရေးဗိသုကာများဟု ဂုဏ်ပြုပါရစေ။

ကျောင်းဆရာလုပ်ကြရန် ဆန္ဒရှိသူများသည် ဆရာအတတ်ပညာစွမ်းရည်များတွင် စာသင်တတ်ရုံဆိုသည့်အဆင့်လေးရှိရုံမျှနှင့် မပြည့်စုံသေးပါဟု မြင်တတ်ရပါမည်။ အနာဂတ်ကို ကြိုမြင်နိုင်ရန်နှင့် **"တိုင်းပြုပြည်ပြု အမျိုးသားနိုင်ငံရေးအမြင်ကျယ်မှု"** ကို ထပ်ဖြည့်နိုင်မှ အနာဂတ်ကြယ်ပွင့်ကလေးများ၏ဘဝပဲ့ကိုင် ဆရာအတတ်ပညာပြည့်စုံသည်ဟု ခံယူထားရန်လိုပါသည်။

ဆောင်းပါးအစတွင် ညွှန်းခဲ့သည့် ဂျပန်နိုဘယ်ဆုရှင်ကြီးအဆိုသည် ခေတ်အဆက်ဆက် မှန်ကန်ခဲ့သဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်မည်ဆိုလျှင် ပညာရေးမြင့်မားရန် ဦးစွာကြိုးပမ်းရန် လိုပါလိမ့်မည်။ ပညာရေးမြင့်မားနေရန်အတွက်လည်း တော်သလောက်ကောင်းကြသည့် ဆရာများ အရင်ဆုံးမွေးထုတ်ရန် လိုအပ်ပါလိမ့်မည်။ မြန်မာ့ပညာရေးကို အဓိကတာဝန်ယူ မောင်းနှင်နေကြသည့် ထိပ်ဆုံးမှတာဝန်ရှိသူနှင့် စီမံခန့်ခွဲသူအဆင့်ဆင့်ကလည်း **"ငါတို့သည် တိုင်းပြု ပြည်ပြု နိုင်ငံရေးအမြင်ပြည့်ဝပါမှ အနာဂတ်တိုင်းပြည်ဖွံ့ဖြိုးမည်ဆိုသော ခံယူချက်ပြည့်ဝသည့် မြန်မာ့ဆရာများကို လေ့ကျင့်ပေးဖို့လိုပါကြောင်း**"နှင့် **"မြန်မာ့ဖွံ့ဖြိုးမှုမဏ္ဍိုင်အစ တော်သလောက်ကောင်းကြသည့် ဆရာများ လေ့ကျင့်မွေးထုတ်နိုင်မှုက"** ဟု ခံယူအကောင်အထည်ဖော်နိုင်ရန် လိုပါကြောင်း စာရေးသူ၏အမြင်ကိုတင်ပြရင်း **"သမိုင်းတစ်လျှောက် ပေါ်ထွန်းခဲ့သော မြတ်ဆရာအပေါင်းတို့အား ဂုဏ်ပြုပူဇော်ကန်တော့"** လိုက်ရပါသည်။ ။

ပညာရေးဝန်ကြီးဌာန

ပညာ

ကမ္ဘာ့ဆရာများနေ့

World Teachers' Day

ပညာရေးကိုမြင့်တင်ဖို့ ဆရာအင်အားဖြည့်ဆည်းစို့

The Teachers we need for education we want: The global imperative to reverse the teacher shortage.

ရုံးအမှတ်(၁၃)၊ နေပြည်တော် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းသားတောင်သူများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။



### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မင်းလွင်ကုန်း ကျေးရွာသို့ရောက်ရှိပြီး မိုးလွင်လယ်ယာနှင့် အထွေထွေသမဝါယမအသင်းမှ အသင်းအမှုဆောင်များ၊ အသင်းသားတောင်သူများနှင့် တွေ့ဆုံရာ တိုင်းဒေသကြီးဦးစီးမှူးနှင့် အသင်းအမှုဆောင်များက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လက်ရှိစိုက်ပျိုးနေသော စပါးမျိုးများအပြင် အထွက်နှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများကို တိုးချဲ့စိုက်ပျိုးကြစေလိုကြောင်း၊ လိုအပ်သည့် စိုက်ပျိုးနည်းစနစ်၊ စိုက်ပျိုးရေရရှိရေးအတွက် မိမိတို့ ဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က ပံ့ပိုးဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ မြန်မာ့လယ်ယာစိုက်ပျိုးရေး ဘဏ်ချေးငွေများ၊ မြစိမ်းရောင်စီမံကိန်းချေးငွေများနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများကို သတ်မှတ်ကာလအတွင်း အပြေအကျေ ပေးဆပ်ကြရန် ပြောကြားကာ အသင်းသားတောင်သူများ၏ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး တင်ပြမှုများအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အသင်းသားတောင်သူ ၂၅ ဦး၏ စိုက်ပျိုးမြေဧက ၁၂၀ တွင် မိုးစပါးစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ပုလဲမြို့သစ်မြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ စက်၊ ယာဉ်၊ ယန္တရားဂိုဒေါင်ကိုလည်းကောင်း၊ စက်၊ ယာဉ်၊ ယန္တရားများ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ စနစ်တကျ သိုလှောင်ထားမှုနှင့် ဝန်ထမ်းအိပ်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ဝန်ထမ်းများနှင့် တွေ့ဆုံ

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာရုံးများ၌ ဦးစီးဌာန လေးခုမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး၊ ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန်၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား MSMEs စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ လုပ်ငန်းလိုအပ်ချက်များအပေါ် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လှိုင်ကော်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



လှိုင်ကော် အောက်တိုဘာ ၃

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားအား သက်ကြီးရွယ်အိုများသည် လူ့အဖွဲ့အစည်းအပေါ် အကျိုးပြုမှုများကို ကျေးဇူးပြုသည့်အနေဖြင့် သာမက လက်ရှိ လူမှုအဖွဲ့အစည်းအတွက် သက်ကြီးရွယ်အိုများသည် အကျိုးရှိနေဆဲ၊ အသုံးဝင်နေဆဲ ဖြစ်သည်ကို အသိအမှတ်ပြု ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ချီးမြှင့်ထောက်ပံ့ငွေ ပေးအပ်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ကယားပြည်နယ်အတွင်းရှိ အသက်အကြီးဆုံး ဘိုးဘွားနှစ်ဦးအား ဂုဏ်ပြုချီးမြှင့်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဂါရဝ လက်ဆောင်ပစ္စည်းများ၊ ဒေသကွပ်ကဲရေးမှူးနှင့် ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများက လူမှုရေးပင်စင်ခံစားနေသည့် ဘိုးဘွား ၃၀ တို့အား လူမှုရေးပင်စင်ထောက်ပံ့ငွေနှင့် ဂုဏ်ပြုဂါရဝလက်ဆောင် ပစ္စည်းများ လက်ရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# အမှုထမ်းဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနရှိ အမှုထမ်းဝန်ထမ်းများ လုပ်ငန်းခွင်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၌ ကျင်းပသည်။

### အမှာစကားပြောကြား

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် တိုင်းဒေသကြီး/ ပြည်နယ်သမဝါယမဦးစီးဌာနများမှ သင်တန်းသားသင်တန်းသူ ၁၅၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများက စဉ်းစားတွေးခေါ်မှု ပြောင်းလဲခြင်း၊ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေနှင့် သတင်း/ ပညာ၊ ရုံးလုပ်ငန်းဘာသာရပ်နှင့် ဝန်ထမ်းစည်းမျဉ်း၊ စာရင်းစစ်ဆေးခြင်းနှင့် ဘဏ္ဍာရေးစည်းမျဉ်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေ၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် အသင်းပိုင်ငွေဖြင့် ဆောင်ရွက်သော နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေတို့ဖြင့် မိုးစပါးလုပ်ငန်းဆောင်ရွက်ခြင်း၊ S.O.P လုပ်ငန်းဆောင်ရွက်မှု အစီအစဉ်နှစ်ခုအား ဆွေးနွေးပို့ချခြင်း၊ လက်ရှိဆောင်ရွက်နေသော သမဝါယမအသင်းများ အခြေအနေနှင့် ကုန်ထုတ်၊ ဝန်ဆောင်သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း၊ စီမံခန့်ခွဲမှုနှင့် သုတေသနနှင့်စာရင်းအင်း၊ သမဝါယမအသင်းပိုင်ငွေများဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး OVOP လုပ်ငန်းအတွက် Pilot Project ဆောင်ရွက်ခြင်း၊ သမဝါယမ (မြစိမ်းရောင်)စီမံကိန်း ဆောင်ရွက်ခြင်း၊ ပြည်တွင်း/ပြည်ပဆက်ဆံရေးနှင့် ကုန်သွယ်သမဝါယမအသင်းများ အဆင့်မြှင့်တင်ခြင်း၊ အခြေခံစာရင်းရေးနှင့်စာရင်းကိုင်ပညာ၊ အခြေခံသမဝါယမအသင်းများတွင် ထားရှိရမည့် စာရင်းဇယားရှစ်မျိုးရေးသွင်းနည်း ဘာသာရပ်များကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တက်လမ်းအသေးစားငွေချေးလုပ်ငန်း သမဝါယမအသင်း၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၃

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ တက်လမ်းအသေးစားငွေချေးလုပ်ငန်း သမဝါယမအသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါတက်လမ်း သမဝါယမအသင်းရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တက်လမ်းအသေးစား ငွေချေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ ဦးကျော်ဇေယျက အမှာစကားပြောကြားပြီး ရွှေပြည်သာမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့ကေဟန်က သမဝါယမ၏ လုပ်ငန်းစဉ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးရှင်းတမ်းအား တက်လမ်းအသေးစား ငွေချေးလုပ်ငန်းသမဝါယမအသင်းမှ အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးမိစံက ဖတ်ကြားကာ ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဒုတိယဥက္ကဋ္ဌ ဒေါ်တင်မေလတ်က ဖတ်ကြားခဲ့သည်။



အဆိုပါ အခမ်းအနားသို့ တက်လမ်းအသေးစား ငွေချေးလုပ်ငန်း သမဝါယမအသင်းဥက္ကဋ္ဌ နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ တက်ရောက်ကြပြီး အသင်းသားများအား အစုပေါ် အမြတ်ငွေ ၂၉၀၀၁၆၉ ကျပ်နှင့် စုဆောင်းငွေပေါ် ချီးမြှင့်ငွေ ၉၇၉၇၉၈ ကျပ်တို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် အောက်တိုဘာ ၃**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ ညနေပိုင်းက ပြင်ဦးလွင်မြို့ရှိ ဆေးသုတေသနဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။




တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သုတေသနလုပ်ငန်းများသည် ဆေးပညာဖွံ့ဖြိုးတိုးတက်ခေတ်မီစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ကြီးဌာန၏ မူဝါဒများအကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အတွက် ဝန်ကြီးဌာနနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် ဦးစီးဌာနဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလတွင် Genetic sequencing (မျိုးရိုးဗီဇ) ပြောင်းလဲမှုကို ခွဲခြမ်းစိတ်ဖြာ စမ်းသပ်နိုင်ခဲ့သလို နောင်တွင်လည်း မျိုးရိုးဗီဇပြောင်းရောဂါပိုးများကို ဆက်လက်သုတေသနပြုသွားရန် လိုကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများအနေဖြင့် နောင်တွင်ဖြစ်ပွားလာနိုင်သည့် ကူးစက်ရောဂါအသစ်များကို တုံ့ပြန်ဆောင်ရွက်သွားနိုင်ရေး အမြဲအသင့်ရှိနေရမည်ဖြစ်သလို ကာကွယ်ဆေးဖြင့်ကာကွယ်၍ ရသောရောဂါများ မဖြစ်ပွားစေရေးအတွက် ကာကွယ်ဆေး ထိုးနှံရမည့် အသက်အရွယ်အတွင်း အကျုံးဝင်သည့် ကလေးငယ်များ တစ်ယောက်မကျန် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျန်းမာရေးဝန်ထမ်းများက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ အခက်အခဲများကို တင်ပြကြပြီး ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်သန်းထွန်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးသုတေသနဦးစီးဌာန၏ သုတေသနလေ့ကျင်းရေးဗဟိုဌာန (Research Training Center)တည်ဆောက်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆေးသုတေသနဦးစီးဌာန၏ သုတေသနလေ့ကျင့်ရေးဗဟိုဌာနဖွင့်လှစ်ပြီးစီးပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ဘွဲ့လွန်သင်တန်းသားများ၊ အခြားဝန်ကြီးဌာနများမှ ဘွဲ့လွန်သင်တန်းသားများ၊ ဝန်ထမ်းများကို သုတေသနနည်းပညာ အခြေခံလိုအပ်ချက်နှင့် သုတေသနနည်းလမ်းများကို လေ့ကျင့်သင်ကြားပေးနိုင်မည်ဖြစ်ပြီး ဘာသာရပ်များအနေဖြင့် လက်တွေ့အသုံးချ သုတေသန(Implementation Research)၊ သုတေသနနည်းစနစ် (Research Methodology)၊ လူမှုရေးသိပ္ပံဆိုင်ရာသုတေသန (Social Science Research)၊ ဇီဝဆေးပညာဆိုင်ရာ သုတေသန (Bio-medical Research) နှင့် သုတေသနကျင့်ဝတ် (Research Ethics) ဘာသာရပ်များကို သင်ကြားပို့ချပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်ရှိ အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်- ၇၀၀) ဇီဝကခန်းမ၌ ကျင်းပရာ တပ်မတော်ဆေးသုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်ချုပ် ကိုကိုလွင်၊ တပ်မတော်အရာရှိကြီးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြု/ကျွမ်းကျင်သူ(အရာရှိ)များ၊ သူနာပြု/ကျွမ်းကျင်သူများ၊ ကျန်းမာရေးဝန်ကြီးဌာနမှဆေးပညာရှင်များ၊ နိုင်ငံတကာမှ ဆေးပညာရှင်များ၊ အငြိမ်းစား အရာရှိကြီးများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၏ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးက အဖွင့်အမှာစကားပြောကြားကာ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားသော သုတေသနပိုစတာများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ပထမနေ့အစီအစဉ်များကို ဆက်လက်ကျင်းပရာ Symposium of the Conference အဖြစ် Artificial Intelligence (AI) in Healthcare 4.0၊ ဆေးပညာရပ်ဆိုင်ရာအကြောင်းအရာများနှင့် Special Talk ငါးခု တို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ သုတေသနစာတမ်းများအဖြစ် ဆေးပညာ၊ သားဖွားနှင့် မီးယပ်ရောဂါပညာ၊ ပြည်သူ့ကျန်းမာရေး၊ မေ့ဆေးပညာစသည့် ဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၁၉ စောင်၊ ကျန်းမာရေးဝန်ကြီးဌာနမှ သုတေသနစာတမ်း လေးစောင်နှင့် ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီးမှ သုတေသနစာတမ်း တစ်စောင် စုစုပေါင်း သုတေသန စာတမ်း ၂၄ စောင်တို့ကို ဖတ်ကြားတင်သွင်းကြသည်။

**တက်ရောက်**

အဆိုပါ အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ Inperson တက်ရောက်သူ စုစုပေါင်း ၃၁၄ ဦးတက်ရောက်ခဲ့ပြီး Online မှ တက်ရောက်သူများအနေဖြင့် အခြားတပ်မတော်ဆေးရုံ၊ ဆေးတပ်အသီးသီးတို့မှ ပါရဂူ၊ ဆေးမှူး၊ သူနာပြု/ကျွမ်းကျင်သူ(အရာရှိ)၊ သူနာပြု/ကျွမ်းကျင်သူများနှင့် အိန္ဒိယတပ်မတော် ဆေးတပ်ဖွဲ့တို့မှ တက်ရောက်သူစုစုပေါင်း ၁၁၂ ဦး တက်ရောက်ကြကြောင်းနှင့် အောက်တိုဘာ ၅ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။



မွန်းလွဲပိုင်းတွင် ဆေးဝန်ထမ်းညွှန်ကြားရေးမှူးသည် အကြိမ်(၃၀)မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသော ကမ္ဘောဒီးယားဆေးတပ်ဖွဲ့မှ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး Kong Saly ဦးဆောင်သောအဖွဲ့၊ ထိုင်းဘုရင့်တပ်မတော်ဆေးရုံကြီး၏ ဒုတိယဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ် Piyalarp Watsuwat ဦးဆောင်သောအဖွဲ့၊ ဗီယက်နမ်ဆေးတပ်ဖွဲ့မှ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် Le Van Dong ဦးဆောင်သောအဖွဲ့နှင့် လာအိုဆေးတပ်ဖွဲ့မှ ဒုတိယ ဆေးဝန်ထမ်းညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး Phouvilay Phounsavath ဦးဆောင်သောအဖွဲ့၊ အိန္ဒိယနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ပါရဂူများအား အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်- ၇၀၀)ရှိ ဧည့်ခန်းမတွင် သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံတပ်မတော်များ၏ ဆေးပညာရပ်ဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အလုံမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်း ဖွင့်ပွဲကျင်းပ

**အလုံ အောက်တိုဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက အလုံမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းသားများ အတွက် မီးငြိမ်းသတ်ရေးဝတ်စုံ၊ ရှာဖွေကယ်ဆယ်ရေးဝတ်စုံများကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။



အဆိုပါ သင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်စေရန်နှင့် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်နိုင်ရန်အတွက် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းကို မြို့နယ်အတွင်းရှိ အရန်မီးသတ် တပ်ဖွဲ့ဝင် ၅၀ ဖြင့် အောက်တိုဘာ ၂ ရက်မှ ၂၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရွက်သစ်ဝေ**

# ညောင်တုန်းမြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်တုန်း အောက်တိုဘာ ၃**

ဧရာဝတီ တိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကွင်းဆင်းကြည့်ရှုရာတွင် ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးထွေးကိုကိုနှင့် တာဝန်ရှိသူများက ကျုံပလောင်-ငါးသန့်ချောင်းကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၊ စကြော့-အင်းမကျေးရွာချင်းဆက်ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ ညောင်တုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ) ဦးစိုးမြင့်ဌေးနှင့် တင်ဒါအောင်ကုမ္ပဏီများ၏ လမ်းတာဝန်ခံ အင်ဂျင်နီယာတို့က လမ်းခင်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**စစ်တွေ အောက်တိုဘာ ၃**

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ပြန်လည်ထူထောင်ရေးအတွက် လတ်တလောကာလ၊ ကာလတို၊ ကာလရှည် စီမံကိန်းရေးဆွဲရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



**ပြောကြား**

အစည်းအဝေးတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)နှင့် ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ စာရင်းတွေ့ရှိချက်များနှင့် အာဆီယံအရေးပေါ်တုံ့ပြန်ရေးနှင့် ဆန်းစစ်လေ့လာရေးအဖွဲ့ (ASEAN- ERAT)အဖွဲ့တို့၏ အစီရင်ခံစာပါ တွေ့ရှိချက်များကို နှိုင်းယှဉ်ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခဲ့သည့်အပေါ်တွင် နိုင်ငံတော်အကြီးအကဲ၏ မှတ်ချက်ပြုညွှန်ကြားချက်များနှင့်အညီ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လတ်တလောကာလ၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲထားရှိမှုအပေါ် ဆွေးနွေးသုံးသပ်အတည်ပြုရန် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများသည် မူလစီမံကိန်းနှင့် ချိတ်ဆက်မိပြီး မြေပြင်တွင် လက်တွေ့ဆောင်ရွက်မည့်လုပ်ငန်းများကို ရေးဆွဲတင်ပြရန်၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရန်၊ ကာလရှည် ဆောင်ရွက်မည့် အစီအစဉ်များကို ၂၀၂၄-၂၀၂၅ နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်များအထိ ပြည့်ပြည့်စုံစုံ ရေးသားပြုစုရန်နှင့် ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တစ်ဆက်တည်းဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် ဆက်လက်ဆောင်ရွက်ရမည့် ကာလတို၊ ကာလရှည်စီမံကိန်းများကို စနစ်တကျထည့်သွင်းရေးဆွဲပြီး မူလအခြေအနေထက်သာလွန်ကောင်းမွန်သော အနေအထားရောက်ရှိအောင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ် လတ်တလောကာလ၊ ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲပြုစုရေးကော်မတီ အတွင်းရေးမှူး စီမံကိန်းရေးဆွဲရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်က လတ်တလောကာလ၊ ကာလတို၊ ကာလရှည်စီမံကိန်းများ ရေးဆွဲပြုစုနေမှုနှင့် လတ်တလောကလအတွင်း ဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်အစိုးရအဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့ဌာနအလိုက် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက ပြန်လည်ဆွေးနွေးပေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပြိုင်ပွဲဝင်ကစားသမားများ တည်းခိုနေထိုင်သည့် အားကစားရွာအတွင်း လှည့်လည်ကြည့်ရှုလေ့လာ

**ဟန်ကျိုး အောက်တိုဘာ ၃**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ယနေ့နံနက် ဒေသစံတော်ချိန် ၆ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့ အားကစားရွာသို့ ရောက်ရှိပြီး (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် နဂါးလှေလှော် (Dragon Boat) မြန်မာအသင်းအား တွေ့ဆုံအားပေးစကားပြောကြားကာ ဝမ်းကျိုးမြို့သို့ ဆက်လက်ထွက်ခွာမည့် မြန်မာလှေလှော်အသင်းအား ပို့ဆောင်နှုတ်ဆက်သည်။

ထို့နောက် အားကစားရွာအတွင်း နိုင်ငံတကာအားကစားသမားများ နေထိုင်ရန်စီစဉ်ထားသည့် အဆောက်အအုံများ၊ Fitness Center များ၊ မြန်မာအားကစားသမားများ နေထိုင်သည့်နေရာနှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီရုံးခန်း ပြင်ဆင်ဖွဲ့စည်းထားမှုကို လှည့်လည်ကြည့်ရှုလေ့လာသည်။

**ဗိုလ်လုပွဲသို့ တက်ရောက်**

ယနေ့တွင် ပိုက်ကျော်ခြင်းအားကစားနည်း အမျိုးသားလေးယောက်တွဲ အကြိုဗိုလ်လုပွဲ ပြိုင်ပွဲကို ကျင်းပရာ မြန်မာအသင်းနှင့် ဂျပန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြပြီး မြန်မာအသင်းက ဂျပန်အသင်းကို နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။



အဆိုပါပိုက်ကျော်ခြင်း အားကစားနည်း ဗိုလ်လုပွဲ ပွဲစဉ်ကို အောက်တိုဘာ ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေး

**သထုံ အောက်တိုဘာ ၃**

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ ယနေ့မွန်းလွဲပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ညောင်ဝိုင်း အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့် စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသူကျောင်းသားများ အားလပ်ချိန်ကို အကျိုးရှိစွာ အသုံးပြုကြရေး၊ ကျောင်းစာကို ကြိုးစားကြသလို ဗဟုသုတ တိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။



ယင်းနောက် ကျောင်းသားကျောင်းသူများက ခင်းကျင်းပြသထားသည့် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေးစသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ညောင်လေးပင်မြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ညောင်လေးပင် အောက်တိုဘာ ၃**

ညောင်လေးပင် မြို့နယ်၌ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ဝဲဝန်းကျေးရွာအုပ်စု ဘိုင်းဒါးကျေးရွာ ကွင်းအမှတ် (၃၃၅) ဦးပိုင်အမှတ် ( ၁၉/၃) တောင်သူဒေါ်မာလာ၏ ဆင်းသုခစိုက်ခင်း ၁၃ ဧကတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ညောင်လေးပင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမင်းနောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်အားပေးခဲ့ကြသည်။

မိုးစပါး စံကွက်ရိတ်သိမ်းပွဲတွင် စိုက်ပျိုးထားရှိသော ဆင်းသုခစပါးခင်း ၁၃ ဧကနှင့်ဆက်စပ်ဧက ၅၀ တို့တွင် မိုးစပါးစက်ကြီးမျိုးစေ့ချကိရိယာဖြင့် စံကွက်များရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှ ၁၂၈ ဒသမ ၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ဇာတ်ကြီးသဘင်

ကိုဇော်ဌေး(ယဉ်ကျေးမှု)

၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲတွင် ဆယ်ဘွဲ့ဇာတ်တော်လာ မဟောသဓာဇာတ်တော်ကို ပြဋ္ဌာန်းပေးထားကြောင်းသိရသည်။ ဆို ဝိုင် ပြော ပညာရပ်များဖြင့် မွမ်းထုံထားသော ထိုတင်ဆက်ကပြမှုကို မြန်မာဇာတ်ကြီးဟုခေါ်ကြသည်။

ဇာတ်ကြီးနှင့်ပတ်သက်၍ ဆရာဦးသော်ဇင်က–

“ဇာတကသဒ္ဒါ၏ အနက်အရင်းမှာ မွေးဖွားခြင်း၊ ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအဖြစ်သို့မရောက်မီ အလောင်းတော်ဘဝက ဖြစ်ပျက်ခဲ့သော အတ္ထုပ္ပတ္တိများပင်ဖြစ်သည်”ဟု ဖော်ပြခဲ့သည်။

## ကျေးလက်ရိုးရာ နိပါတ်ခင်း ခေါ် လှည်းဇာတ်

ဇာတ်ကြီး၏ မူလမြစ်ဖျားခံရာသည် ကျေးလက်ရိုးရာ နိပါတ်ခင်း ခေါ် လှည်းဇာတ်ဟု ဆိုကြသည်။ ဒေါက်တာတင်အောင်က “မြန်မာဇာတ်ကြီး”ဟူသောခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာဖြင့် ပြုစုသောသုတေသနကျမ်းတွင် အေဒီ ၁၅၃၂ မှ ၁၇၅၂ ကာလအတွင်းတွင် နိပါတ်ခင်း ပေါ်ပေါက်ရာကာလဟု မှန်းဆကောက်ချက်ချသည်။ ဒေါက်တာတင်အောင် မှန်းဆသော အေဒီ ၁၅၃၂ မှ ၁၇၅၂ ကာလအတွင်းသည် အမျိုးသားစာပေဖွံ့ဖြိုးမှု ရှိခဲ့ရာကာလဖြစ်သည်။ အင်းဝပျက်၍ ဟံသာဝတီတွင် အင်အားလျော့နည်းနေစဉ် တောင်ငူတွင် မင်းကြီးညိုကွယ်လွန်ပြီး သားဖြစ်သူ တပင်ရွှေထီးက မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို စည်းရုံးဖို့ ကြိုးပမ်းသောအချိန်ဖြစ်သည်။

နိပါတ်ခင်းသည် ရိုးရာအစဉ်အလာ ယဉ်ကျေးမှုလမ်းကြောင်းပေါ်တွင်သာ အဓိကထား အားပြုသည်။ နောက်ထပ်ဖွံ့ဖြိုးလာသည့် အဆင့်တစ်ခုတွင် အသက်မွေးဝမ်းကျောင်းပညာရှင်များက အစုအဖွဲ့များဖွဲ့၍ လှည့်လည်ကပြကြခြင်းဖြင့် ပို၍ရင့်ကျက်သော ဇာတ်ကြီးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ နိပါတ်ခင်းသည် ကျေးလက်တောရွာများတွင် ဖြစ်ထွန်းခဲ့သည်ဟုလည်း ဆိုနိုင်သည်။

> ‘ပညာပါရမီကို အကြောင်းပြု၍ ဓမ္မကြောင်း နွယ်သော ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများကို ဇာတ်ကြီးပညာရှင်တို့ ပြောဆိုညွှန်းကြပါလိမ့်မည်။ ရာဇကြောင်းအစဉ်အတိုင်း ရာဇာတို့ ဟန်ပန်၊ မာန်တို့ကို လင်္ကာသွားဖြင့် ပြောကြားကြပါလိမ့်မည်။ လောကအကြောင်းအနေဖြင့် အဖျိုနှင့် အမည်း၊ ရန်သူနှင့် ချစ်သူ၊ သခင်နှင့် ကျွန်၊ အုပ်စိုးသူနှင့် အုပ်စိုးခံတို့၏ ကျင့်ဝတ်နီတိများကိုလည်း နာယူနိုင်ကြပါလိမ့်မည်။ မြန်မာဇာတ်ကြီး၏ အနှစ်သာရပိုင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် မြန်မာတို့၏ ကိုယ်ပိုင်ရေစီးကြောင်းအရ ပွင့်လန်းလာသော ဇာတ်ကြီးပညာသည် တင့်တယ်ဝင့်ထည်မြဲရှိကြောင်း ပြသရန်မှာ သဘင်ပညာရှင်များ၊ အနုပညာကိုချစ်သော ပြည်သူများ၏ တာဝန်သာဖြစ်’

နိပါတ်ခင်းပြီးနောက် မြေဝိုင်းဇာတ်ကြီးအဆင့် ပေါ်လာသည်။ မြေဝိုင်းဇာတ်ကြီးကပြနေချိန်တွင် နိပါတ်ခင်းကား ဆက်လက်ဖြစ်တည်ဆဲရှိသည်။ အချို့သောသုတေသီတို့ကလည်း နိပါတ်ခင်းနှင့် မြေဝိုင်းဇာတ်ကြားကာလတွင် ဗုံကြီးဇာတ်၊ ဗုံရှည်ဇာတ်များရှိခဲ့ကြောင်း ဆိုကြသည်။

မော်ဘီဆရာသိန်း၏ “မြန်မာ့ဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်များ” စာအုပ်တွင် ဗုံရှည်ဇာတ်အကြောင်းကို အကျယ်တဝင့်ဖော်ပြထားသည်။ ဇာတ်ကြီးပုံသဏ္ဌာန် ပီပီသသပေါ်နေပုံကို –

“ဗုံရှည်ဇာတ် ခင်းကျင်းသောနေရာအလယ်၌ ညဥ့်အခါဖြစ်လျှင် စဥ့်မီးခွက်ကြီးတစ်ခုကို ခွေးခြေခုံပေါ် ခုံနှင့်ဖြစ်စေ၊ ဆန်ဖွတ်သော လက်ဆုံမှောက်၍ဖြစ်စေ မီးခွက်ကြီးတစ်ခွက်ထဲဝင်၍ မီးထွန်းရလေသည်။ မီးစာမှာ အဝတ်ကြမ်းကိုကျစ်၍ ရေနံချေးစိမ်ပြီးလျှင် အလယ်က စိုက်ရသည်။ ရေနံစာမှာ ထမင်းခြောက်ကိုဖြစ်စေ၊ ဝါစေ့ကိုဖြစ်စေ မီးခွက်ထဲသို့ ထည့်၍ ရေနံလောင်းရသည်။ နောက်မီးထွန်းသောအခါ မီးခြစ်မရှိ၊ ထင်းမီးစကိုယူ၍ မီးမှုတ်ညှိထွန်းရသည်။ မီးတစ်ခွက်တည်းနှင့်ပင် များစွာအလင်းရောင်ရ၍ ပွဲကြည့်သောပရိသတ်ကို ထင်ရှားစွာ မြင်ကြပေသည်။ မီးတောက်အရှိန်အဝါမှိန်ခဲ့သည်ရှိသော် တုတ်တံဖြင့် ရေနံစာကို ဆွပေး၊ ရေနံထပ်ထည့်ပြန်လျှင် မီးတောက်မီးလျှံထွန်းလင်းသောအရောင်ကို ရကြပေသည်”ဟု ဖော်ပြထားသည်။ ဇာတ်ပွဲတစ်ခု၏အခင်းအကျင်းပင်ဖြစ်သည်။ ဇာတ်ကြီးသဘင်၏ အဦးအစပုံရိပ်ဟု ဆိုနိုင်သည်။

ထိုပုံရိပ်သည် မြေဝိုင်းဇာတ်သို့ ကူးခဲ့ဟန်ရှိသည်။ ကွင်းကျယ်ကျယ် မြေတလင်းပြောင်ပြောင်တွင် သပြေခက်နှင့် ၁၂ ရာသီပန်းကိုင်းတို့ကို ပူးတွဲလျက်စိုက်ထူကြသည်။ ရင်ခေါင်းခန့် မြင့်သည့် မီးတိုင်များ စိုက်ထူထားသည်။ မီးတိုင်မှာ ဝါးပိုးဝါးတစ်လုံးကို ထိပ်မှခွဲစိတ်ပြီး ရေနံချေးနှင့် ရက်ကန်းစင်မှ ချည်မျှင်အမြိတ်များထည့်၍ အင်တုံတစ်လုံးကို ဝါးဖျားတွင်ညှပ်၍ ထွန်းလေ့ရှိကြသည်။ ကျောဘက်တွင် ခေါင်းတော် (အရုပ်ခေါင်း) များကို တန်းထိုး၍ချိတ်ဆွဲထားကြသည်။ ဖြိုးလိမ်းပြင်ဆင်ရာဝယ် အကာအကွယ်မရှိကြချေ။ မြေတလင်းတွင် ကပြရာမှ ဖျာခင်းကပြသည့်အချိန်သို့ ရောက်လာခဲ့သည်။ ဆိုင်းတစ်ခြမ်း၊ ကြေးဝိုင်းတစ်ခြမ်းမှ ဖန်ကန်တော့ ဖယောင်းတိုင်ထွန်း၍ တီးသည့် ဆိုင်းဝိုင်းကြီးများအထိ တိုးတက်လာသည်။

ကပြပုံမှာ ဆိုင်းက ခုနှစ်သံချီ အကုန်တီးပြီးနောက် နတ်ကတော် (အပျိုတော်)ထွက်သည်။ နောက် ဝန်လေးပါးလွှတ်တက်၊ ညီလာခံဖွင့်ဟန်ပြပြီး တိုင်းရေးပြည်ရာဆွေးနွေးကြသည်။ ဝန်ကြီးများနှင့် လုလင်တော်(လက်စွဲတော်၊ လုပြက်) တို့တွေ့ပြီး ရယ်မောဖွယ်ရာပြောကြသည်။ ထို့နောက် ဇာတ်လမ်း၏ တောင်းဆိုမှုအရ ဇာတ်သမားစဉ်ဟု ဖြစ်စဉ်များအရ သစ္စာထားနှစ်ပါးသွားကြသည်။ နှစ်ပါးသွား စခန်းချပြီး ပြည်တော်ပြန်ရောက်ကြသည်။ ဇာတ်အသွားအတိုင်း အလွမ်း၊ အဆွေး၊ အပူတိုက်ကြရသည်။ ဇာတ်လမ်း၏ထွက်ပေါက်အရ သိကြားမင်းဆင်းလာကာ ကယ်တင်သည်။ (မေခလာလည်း ကယ်တင်ကြသည်။) ထွက်ပေါက်အတိုင်းလိုက်ကာ ဇာတ်ပေါင်းကြ၊ ဇာတ်သိမ်းကြသည်။

မြေဝိုင်းဇာတ်သည် ဇာတ်ကြီးအသွင်သို့ ရောက်လာခဲ့သည်။ နိပါတ်ခင်းမှ မြေဝိုင်းဇာတ်၊ ထိုမှ နန်းတွင်းသို့ ရောက်ရှိခဲ့သည်။ ဤသို့ဖြင့် ဇာတ်သဘင်သည် ယနေ့တိုင်တည်ရှိနေဆဲဖြစ်သည်။ ခေတ်ကာလအခြေအနေအရ ထိခိုက်ပွတ်တိုက်မှုများရှိလင့်ကစား ဇာတ်သဘင်ကို ချစ်ခင်လျက်ရှိသည့် ပြည်သူများရှိဆဲဖြစ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အနုပညာအထက်တန်းကျောင်းများ (ယခင်ပန်းတျာကျောင်းများ) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များသည်လည်း ဇာတ်သဘင်ပညာ အစွန့်ရှည်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ထမ်းဆောင်ပေးနေကြကြောင်းတွေ့ရသည်။

## ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲ

၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲတွင် မဟောသဓာမည်သော ဇာတ်ကြီးကို ကကြပါလိမ့်မည်။ ပြိုင်ပွဲအသွင်ယှဉ်ပြိုင်ကြခြင်းမဟုတ်ဘဲ အရိုးအစဉ်ကို ထိန်းသိမ်းသည့်အသွင် ဖျော်ဖြေကပြခြင်းပင်ဖြစ်သည်။ ပြိုင်ပွဲဟူသော ခေါင်းစဉ်ကြောင့်သာ ဆုဟူသည့် သတ်မှတ်ချက်ဖြစ်လာခြင်းဖြစ်သည်။ သဘင်အရည်အသွေးကား ဖွံ့ဖြိုးတိုးတက်ခြင်း၏ ထိပ်ဖျားတွင် ရှိနေမြဲဖြစ်သည်။ ထိုထိုပညာရှင်တို့သည် မဟောသဓာဇာတ်တော်ကို–

- ပညာဉာဏ်စွမ်း အခန်းခန်းဖြင့် မော်ကွန်းစိုက်ထူအောင်မြင်မှုကို ရရှိနိုင်ကြောင်း သိရှိကြစေရန်။
- ကြီးစွာသောလုံ့လကို မပြတ်ဆည်းပူးတတ်စေရန်။
- နိုင်ငံနှင့် ပြည်သူတို့၏ အရေးကိစ္စကို ဦးစားပေးတတ်ကြစေရန် ဟူသည့် ကောင်းမြတ်သည့်ရည်ရွယ်ချက်များဖြင့် ဖော်ညွှန်းထုဆစ်ကဖြစ်ကြပါလိမ့်မည်။ ဇာတ်ကြီးပညာရှင်တို့ ကပြကြမည့် ဇာတ်တော်ကြီးကို ဇာတ်ကြီးနှစ်သက်သူတို့ ကြိုတင်ခံစားနိုင်ရန် လှမ်းမျှော်ကြည့်မိသည်။

## ဇာတ်လမ်းအကျဉ်း

(မဟောသဓာဇာတ်တော်ကို မြတ်စွာဘုရားသည် ပညာပါရမီကို အကြောင်းပြု၍ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် မဟာသက္ကရာဇ် ၁၁၇ ခုနှစ် ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် ဟောကြားတော်မူသည်။)

ဝိဒေဟရာဇ်တိုင်း မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၌ သေနကအမတ်၊ ပက္ကုသအမတ်၊ ကာမိန္ဒအမတ်နှင့် ဒေဝိန္ဒအမတ်ဟူ၍ အမတ်ကြီးလေးပါးရှိသည်။ မြို့တော်အနီး ပါစီနယဝမဇ္ဈဂုံးရွာ၌ သီရိဝဍ္ဎနသူဌေးနှင့် သုမနဒေဝီတို့မှ သားတစ်ယောက်ဖွားမြင်ရာ မဟောသဓာအမည်မှည့်လေသည်။

ဝိဒေဟရာဇ်မင်းကြီးသည် အိပ်မက်အရ အရပ်ရပ်တွင် ပညာရှိရှာစေရာ ကလေးဘဝ မဟောသဓာ ကြီးကြပ်ဆောက်လုပ်သည့်ဇရပ်ကို တွေ့မြင်ရလေသဖြင့် မဟောသဓာကို စောင့်ကြည့်ကြလေသည်။

မဟောသဓာကား ဉာဏ်ပညာထူးခြားလှ၍ အမျိုးမျိုးသော ပြဿနာများကို ဖြေရှင်းပေးနိုင်လေသည်။

မဟောသဓာအား ဝိဒေဟရာဇ်မင်းကြီး၏ မိဖုရား ဥဒုမ္ဗရဒေဝီက ကောက်ယူမွေးစားလေသည်။ အရွယ်ရောက်လျှင် ဥတ္တရယဝမဇ္ဈဂုံးရွာမှ အမရာနှင့် လက်ထပ်ပေးလေသည်။

ကပိလတိုင်း ပဉ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်း၌ ကေဝဋ္ဋအမည်ရှိ အမတ်တစ်ဦးရှိလေသည်။ ထိုမင်းက ဝိဒေဟရာဇ်ပြည်ကို သိမ်းလိုသဖြင့် ဝိဒေဟရာဇ်မင်းအား သမီးတော်ပေးဆက်လိုကြောင်း ဖိတ်ကြားကာ ပွဲသဘင်၌ အဆိပ်ခတ်၍သတ်ရန် စီစဉ်လေသည်။ မဟောသဓာက သူလျှိုမှတစ်ဆင့် သိရ၍ သူရဲတစ်ထောင်လွှတ်ကာ အဆိပ်ပါအရက်အိုးများကို ခွဲပစ်လေသည်။

ပဉ္စာလရာဇ်ဘုရင် စူဠနီဗြဟ္မဒတ်မင်း စစ်ချီလာသော် မဟောသဓာသည် ကျေးသားအကူအညီဖြင့် သတင်းယူ၍ ဥမင်လိုဏ်ခေါင်းတူးကာ ပဉ္စာလရာဇ်ပြည်မှ မိဖုရား၊ သားတော်၊ သမီးတော်တို့ကို ဖမ်းယူခဲ့လေသည်။ ပဉ္စာလရာဇ်မင်းကြီးက ဝိဒေဟရာဇ်ပြည်ကို ထပ်မံဝိုင်းရံသော်လည်း မိဖုရား၊ သားတော်၊ သမီးတော်များသည် ရန်သူ့လက်တွင်းရှိနေ၍ အရှုံးပေးလိုက်ရလေသည်။

မဟောသဓာလည်း ဆုလာဘ်များရရှိလေသည်။ နှစ်ပြည်ထောင်လည်း သင့်မြတ်သွားလေသည်။ စာမျက်နှာ ၁၁ သို့ ❁



(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ ‘ရာမာယဏ’ ဇာတ်တော်ကြီးပြိုင်ပွဲ ကပြဖျော်ဖြေမှုကို တွေ့ရစဉ်။

❁ စာမျက်နှာ ၁၀ မှ

ပြဋ္ဌာန်းချက်အရ ပါဝင်အပ်သည့်အခန်းစဉ်များကို အောက်ပါအတိုင်းဖော်ပြထားသည်-

၁။ မဟောသဓာသတို့သား မွေးဖွားခန်း။
၂။ ဇရပ်ဆောက်ခန်း။
၃။ အိပ်မက်အရ မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီးက ပညာရှိကို ရှာခန်း။
၄။ မဟောသဓာသတို့သားက သားတရားစီရင်ခန်းကို ကပြခန်း။
၅။ ဝိဒေဟရာဇ်တိုင်း မိထိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး နန်းစီးခန်း (အမတ်ကြီးလေးယောက်နှင့် မဟောသဓာသတို့သား၏အကြောင်းများပါဝင်သည်။)
၆။ မဟောသဓာသတို့သားအား မိဖုရား ဥဒုမ္ဗရဒေဝီက ကောက်ယူမွေးစားခန်း၊ မိဖုရားက မဟောသဓာအား သတို့သမီး ရှာစေခန်း။
၇။ အထုတ်ဝင် နှစ်ပါးသွားခန်း။
၈။ နိုင်ငံတော်ကို ပြုပြင်တည်ဆောက်ခန်းဟူ၍ တွေ့ရသည်။

မဟောသဓာငယ်စဉ်ဘဝ ပြဿနာများစွာ ဖြေရှင်းခဲ့သော်လည်း သားတရားစီရင်ခန်းကိုသာ ကပြစေသည်ကို တွေ့ရသည်။ မည်သူက ယဉ်ကျေးသည်။ မည်သူက ကြမ်းတမ်းသည်ဟူသည့်သဘောသရုပ်ကို ဖော်ညွှန်းကပြစေလိုခြင်းဖြစ်သည်။ ထိုမှာနောက်ဝယ် နိုင်ငံတည်ဆောက်ခန်းကို စိတ်တိုင်းကျ ခြယ်မှုန်းကပြနိုင်ကြမည် ဖြစ်သည်။

ပါဝင်အပ်သည့်အခန်းစဉ်များကို လေ့လာကြည့်ခြင်းဖြင့် ဇာတ်ညွှန်းရေးဆရာနှင့် ဇာတ်စင်ဒါရိုက်တာ၏ အနုပညာအရည်အသွေးကို တောင်းဆိုထားမှန်းသိသာသည်။ ဝိဒေဟရာဇ်မင်းကြီးက ဥဒုမ္ဗရဒေဝီအား ကောက်ယူခန်း၊ ဥဒုမ္ဗရဒေဝီက ၎င်းအား စွန့်ပစ်ခဲ့သူကို တွေ့ခန်း၊ မဟောသဓာ အမရာတို့ တွေ့ဆုံခန်း၊ မဟောသဓာနှင့် ကေဝဋ်အမတ် ပညာပြိုင်ခန်း စသည်တို့ကို ကောင်းစွာပြည့်စုံကုံလုံအောင် ရေးသားတင်ဆက်နိုင်ကြမည်ဟု မျှော်လင့်ရသည်။ ဇာတ်ရုပ်ဆုများကိုလည်း ချီးမြှင့်မည်ဖြစ်ရာ ဇာတ်စီးဇာတ်ညွှန်းက နေရာပေးတတ်ရန် လိုအပ်သလို အနုပညာရှင်ကလည်း နေရာယူတတ်ရန် လိုအပ်မည်ဖြစ်သည်။

လောက၊ ဓမ္မ၊ ရာဇ အယူအဆများဖြင့် ခေတ်ကိုထင်ဟပ်ပြဆိုကာ ဇာတ်သမားလာလျှင် မှတ်သားစရာကျန်ရမည်ဟူသောစကားအတိုင်း မှတ်သားစရာများစွာကို ချန်ထားနိုင်ခဲ့ပေလိမ့်မည်။ ပညာပါရမီကို အကြောင်းပြု၍ ဓမ္မကြောင်းနွယ်သော ဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများကို ဇာတ်ကြီးပညာရှင်တို့ ပြောဆိုညွှန်းကြပါလိမ့်မည်။ ရာဇကြောင်းအစဉ်အတိုင်း ရာဇာတို့ ဟန်ပန်၊ မာန်တို့ကို လက်သွားဖြင့် ပြောကြားကြပါလိမ့်မည်။ လောကအကြောင်းအနေဖြင့် အဖြူနှင့်အမည်း၊ ရန်သူနှင့် ချစ်သူ၊ သခင်နှင့် ကျွန်၊ အုပ်စိုးသူနှင့် အုပ်စိုးခံတို့၏ ကျင့်ဝတ်နီတိများကိုလည်း နာယူနိုင်ကြပါလိမ့်မည်။ မြန်မာဇာတ်ကြီး၏ အနှစ်သာရပိုင်းကို ဆက်လက်ထိန်းသိမ်းခြင်းဖြင့်တင်ခြင်းဖြင့် မြန်မာတို့၏ ကိုယ်ပိုင်ရေစီးကြောင်းအရ ပွင့်လန်းလာသော ဇာတ်ကြီးပညာသည် တင့်တယ်ဝင့်ထည်မြဲရှိကြောင်း ပြသရန်မှာ သဘင်ပညာရှင်များ၊ အနုပညာကိုချစ်သော ပြည်သူများ၏ တာဝန်သာဖြစ်ကြောင်း ညွှန်းဆိုဖော်ပြအပ်ပါသတည်း။ ။

**ကိုးကား**

၁။ မြန်မာ့ဇာတ်သဘင်သမိုင်း(မောင်သိန်းနိုင်)
၂။ မြန်မာဇာတ်ကြီး(သံလျင်မောင်ဝင်းဝါ)



## နယ်စပ်ရေးရာဝန်ကြီးဌာနက "၀" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

နေပြည်တော် အောက်တိုဘာ ၃

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်းအခက်အခဲ အဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) "၀"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦးနှင့် ဝန်ထမ်းများက ဟိုပန်မြို့နယ် မန်မိုင်ဘုန်းတော်ကြီးကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တသုဇာတထံသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနား ကျင်းပ

ကျိုက်ထို အောက်တိုဘာ ၃

ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော် ရင်ပြင်၌ အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီတွင် ရင်ပြင်တော် အာရုံခံတန်ဆောင်းတွင် ကျင်းပသည်။

ဦးစွာဒါယကာဒါယိကာမများက နမောတဿသုံးကြိမ် ရွတ်ဆို၍ အောင်ပွဲအခမ်းအနားကို ဖွင့်လှစ်ပြီး ဂူကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တမဏ္ဍလက အောင်ခြင်းရှစ်ပါး ဂါထာတော်ကို ရွတ်ဖတ်ကာ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ



တော် ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာမယ်ဖယ် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ တေဇနိယ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များ ရွတ်ပွား သရဇ္ဈာယ်ချီးမြှင့်သည်။

ထို့နောက် ဒါယကာ ဒါယိကာမများက နဝကမ္မနှင့် လှူဖွယ်ဝတ္ထုများ လှူဒါန်းကြပြီး ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်)ဥက္ကဋ္ဌ သာယာကုန်း ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ပညာသာမိက ရေစက်သွန်းချ အနုမောဒနာတရား ချီးမြှင့်ကာ ရင်ပြင်တော်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာသိပ္ပက နတ်ဖြဲ့တွများ ပို့ဆောင်၍ ဆရာတော် သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ရွတ်ဆို၍ အသံမစဲ မဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မအူပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မအူပင် အောက်တိုဘာ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကျေးလက်လမ်းတံတားလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ဦးထွေးကိုကိုနှင့် တာဝန်ရှိသူများက ဘီးလင်း-စစ်ချောင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ဆောင်တန်း-တံခွန်တိုင်-မီးသွေးချောင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ မအူပင်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဒေါ်အေးနန္ဒာစိုးနှင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနဦးစီးအရာရှိ(မြို့ပြ) (တာဝန်)ဒေါ်ထက်မြတ်မွန်တို့က လုပ်ငန်းဆောင်ရွက်



ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ကုမ္ပဏီ၏တာဝန်ခံ အင်ဂျင်နီယာများက မိမိတို့တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## So ကိုယ်ပိုင်သံစဉ် တေးရေး/တေးဆိုပြိုင်ပွဲ Grand Final Top Finalist စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်




ရန်ကုန် အောက်တိုဘာ ၃

So ကိုယ်ပိုင်သံစဉ် တေးရေး/တေးဆိုပြိုင်ပွဲ Grand Final Top Finalist စာနယ်ဇင်းမိတ်ဆက်ပွဲကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွန့်တင်ဝင်း၌ ပြုလုပ်သည်။

**ခြောက်ဦးစီထွက်ပေါ်ခဲ့**

So ကိုယ်ပိုင်သံစဉ် တေးရေး/တေးဆိုပြိုင်ပွဲကို ယခုနှစ် ဇူလိုင် ၁ ရက်တွင် ပဏာမအဆင့် Audition ပြိုင်ပွဲဖြင့်စတင်ကျင်းပခဲ့ပြီး ယင်းအဆင့်တွင် အရေးပြိုင်ပွဲဝင် ဦးရေ ၅၀ နှင့် အဆိုပြိုင်ပွဲဝင် ဦးရေ ၅၀ ထွက်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ဆက်လက်ယှဉ်ပြိုင်ရာ ပထမအဆင့်အရေးပြိုင်ပွဲဝင် ၂၀ နှင့် အဆိုပြိုင်ပွဲဝင် ၂၀ ဦး ထွက်ပေါ်ခဲ့ပြီး ဒုတိယအဆင့်တွင် အရေးပြိုင်ပွဲဝင် ၁၅ ဦးနှင့် အဆိုပြိုင်ပွဲဝင် ၁၅ ဦး ပေါ်ထွက်ခဲ့ကာ တတိယအဆင့်တွင် အရေးပြိုင်ပွဲဝင် ၁၀ ဦးနှင့် အဆိုပြိုင်ပွဲဝင် ၁၀ ဦး ပေါ်ထွက်ခဲ့ကြောင်း၊ ထို့နောက် ပြိုင်ပွဲများယှဉ်ပြိုင်၍ ဆက်လက်ရွေးချယ်ခဲ့ရာ Grand Final Top Finalist ခြောက်ဦးစီ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

So ကိုယ်ပိုင်သံစဉ် တေးရေး/တေးဆိုပြိုင်ပွဲ Grand Final ပွဲစဉ်ကို လာမည့်အောက်တိုဘာ ၇ ရက်တွင် ရွှေထွန့်တင်ဝင်း၌ ပြုလုပ်မည်ဖြစ်ကြောင်း၊ အဆိုပါပြိုင်ပွဲသည် ဂီတလောကတွင် တေးရေး/တေးဆို ဂီတမျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြေတောင်မြှောက်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် အသက်အရွယ်ကန့်သတ်ချက်မရှိဘဲ တေးရေးပြိုင်ပွဲနှင့် တေးဆိုပြိုင်ပွဲဟူ၍ တစ်ချိန်တည်းပြိုင်ပွဲဝင်ရခြင်းဖြစ်ကြောင်း ယနေ့ ပြုလုပ်သည့် စာနယ်ဇင်းမိတ်ဆက်ပွဲမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ - လင်းရာမ

# ဒုတိယဝန်ကြီး ဦးဇင်မင်းထက် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၃**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အစိုးရနည်းပညာအထက်တန်း ကျောင်း၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံလူငယ်ရေးရာဗဟို ကော်မတီအတွင်းရေးမှူး အားကစားနှင့် လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေး မှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက ဝန်ကြီး ဌာနအနေဖြင့် လူငယ်များ၏အနာဂတ် အလားအလာ ကောင်းများကို ရှေ့ဆောင်လမ်းပြပေးနိုင်ရန် လူငယ် ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံချက်များကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသားလူငယ်များ လူ့အသိုင်းအဝိုင်းတွင် အချင်းချင်း ပူးပေါင်းဆောင်ရွက် မှု၊ ရိုင်းပင်းကူညီမှု၊ စာနာထောက်ထားမှု၊ ရင်းနှီး ဖော်ရွေမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အပြန်အလှန်လေး စားမှုတို့နှင့် နေထိုင်ပြောဆိုဆက်ဆံကြပြီး စဉ်းစား ဆင်ခြင်မှုအသိဉာဏ်ပညာများနှင့် ကြိုးစားအားထုတ် သွားမည်ဆိုပါက ဘဝတွင် အောင်မြင်မှုများ ရရှိ နိုင်မည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူ လူငယ်များအနေဖြင့် တိုင်းပြည်နှင့် လူမျိုးအပေါ် ချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ငြိမ်းချမ်းရေး လိုလားသည့် စိတ်ဓာတ်များနှင့် အနာဂတ်ကို ဦးဆောင် နိုင်သည့် လူငယ်များဖြစ်အောင် ကြိုးစားနေထိုင်ကြ ရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် စာရေးဆရာမ ဒေါ်သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က "လူငယ်နှင့် ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဝင်းက "မသန်စွမ်းသူ များ၏ အခွင့်အရေးကာကွယ်ရေး၊ ဘဝမြှင့်တင်ရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ" နှင့် ပတ်သက်၍လည်းကောင်း ဟောပြောဆွေးနွေးကြပြီး Fitness Dance အဖွဲ့က သရုပ်ပြဖျော်ဖြေခြင်းနှင့် ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းခြင်းတို့ ကိုဆောင်ရွက်ကြပြီး မေးခွန်းဖြေဆိုနိုင်သူများကို ဆုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဆွေးနွေး ဟောပြောပေးခဲ့သည့် စာရေးဆရာများနှင့် အစိုးရ နည်းပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာကြီးထံ အမှတ်တရ လက်ဆောင်ပစ္စည်းများနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။

**သတင်းစဉ်**

# လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေး လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**လမ်းမတော်မြို့နယ်**

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဆေး တက္ကသိုလ်(၁)ရန်ကုန်၌ ပြန်ကြား ရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနနှင့် ဆေးတက္ကသိုလ်(၁) (ရန်ကုန်)တို့ ပူးပေါင်းစီစဉ် ကျင်းပသော လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဆေးတက္ကသိုလ် (၁) ရန်ကုန် Recreation Center ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဆေးတက္ကသိုလ် (ရန်ကုန်)မှဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာခင်မာမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး



ဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း က လူငယ်စကားဝိုင်း ကျင်းပရ ခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်း စတင်ခဲ့ရာဦးဆောင်ဆွေးနွေးသူ အဖြစ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရန်ကုန် အနောက်ပိုင်းခရိုင် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာမိုး၊ တွဲဖက် ဦးဆောင်ဆွေးနွေးသူ အဖြစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ လက်ထောက်ကထိက ဒေါက်တာဟေမာစိုးဝင်း တို့က ဦးဆောင်ဆွေးနွေးကာ ကျောင်း သား ကျောင်းသူ ခြောက်ဦးတို့က လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် စာပေ အစရှိသည့် ခေါင်းစဉ်ပါအကြောင်း အရာများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာ ကြသည့် ကျောင်းသား ကျောင်းသူ များက မိမိတို့သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ ဦးဆောင် ဆွေးနွေးသူများက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ပြန်လည် ဆွေးနွေးကြသည်။

ထို့နောက် လူငယ်စကားဝိုင်း တွင် ပါဝင်ဆွေးနွေးသည့် ကျောင်း သား ကျောင်းသူများကို တာဝန်ရှိ သူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ် ကြသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**



**မြဝတီမြို့**

ကရင်ပြည်နယ် မြဝတီခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက မြဝတီမြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခွဲမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်သီသီနိုင်က အဖွင့်အမှာစကား ပြောကြားပေးပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်၊ လူရွယ်များသည် နိုင်ငံတော် ၏ အဓိကစွမ်းအားစုဖြစ်၍ ဘက်စုံပညာ ထူးချွန်ထက်မြက်နေစေရန် လူငယ်စကားဝိုင်းများ ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းတွင် ဦးစီးအရာရှိ ဒေါ်ဇာဖြူဝင်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပေးပြီး Grade-8 မှ မောင်စိုး မင်းနိုင်က လူငယ်နှင့်စာပေ၊ Grade-9 မှ မောင်ပြည့်စုံဖြိုးက လူငယ် နှင့် ကျန်းမာရေး၊ Grade-10 မှ မအိဖြူအောင်က လူငယ်နှင့်အားကစား ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြကာ တက်ရောက်လာသည့် ကျောင်း သား ကျောင်းသူများက ခေါင်းစဉ်အလိုက် သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးပြီး တာဝန်ရှိသူများက အမှတ်တရဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ချီးမြှင့်ပေးသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသပေးသည့် ဗဟုသုတဖြစ်ဖွယ် နံရံကပ်စာစောင်များနှင့် သုတ/ရသစာအုပ်များကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စား စွာလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

**လှည်းကူးမြို့နယ်**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အခြေခံ ပညာအထက်တန်းကျောင်း (ဒါးပိန်) ရွှေရတုခန်းမ၌ ကျင်းပသည်။




ဦးစွာ လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးခင်ဇော်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ် ချက်ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် အထက(ဒါးပိန်)မှ မခိုင် သဇင်အောင် တို့က ညှိနှိုင်းရေးမှူးများအဖြစ် ဆောင်ရွက်ပြီး Grade-10 မှ ကျောင်းသား ကျောင်းသူများဖြစ်ကြသော မောင်သော်ဇင်ဝင်းက လူငယ်နှင့်စာပေ၊ မအေးချမ်းမိုးက လူငယ်နှင့် ယဉ်ကျေးမှု၊ မောင်အောင် ကိုကိုက လူငယ်နှင့် ပညာရေး၊ မောင်ပြုံးချိုက လူငယ်နှင့် နည်းပညာ၊ မောင်ဘုန်းလျှံထွန်းက လူငယ်နှင့် အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး ကျောင်းအုပ်ဆရာကြီး ဦးမျိုးထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ကျိုက်ထိုမြို့နယ်**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံ ပညာဦးစီးဌာနနှင့် စာပေချစ်သူများ အသင်း တို့ ပူးပေါင်း၍ လူငယ်/လူရွယ်များ ဗလငါးတန် ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကျိုက်ထိုမြို့ အထက (ခွဲ) ဇေယျာမွန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ စာပေချစ်သူများအသင်းအဖွဲ့ဝင် ဦးတင်ထွေးနှင့် ဦးလှထွန်းတို့က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်း သန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရ သည့် ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများ က "အောင်မြင်မှုအတွက် ဘဝဟန်ချက်"၊ "ယနေ့ခေတ် လူငယ်တွေသိနေတဲ့ ယဉ်ကျေး မှု"၊"လူထဲကလူ အတူတူမဟုတ်" ခေါင်းစဉ် တို့ဖြင့် ၎င်းတို့ဖတ်ရှုလေ့လာထားသည့် စာရေး သူ၏ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံ များ၊ အတွေးအခေါ်များကို ကျယ်ကျယ် ပြန့်ပြန့် မျှဝေဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည် များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများနှင့် စာပေ ချစ်သူများ အသင်းအဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းဖြေကြားပေးပြီး အထက(ခွဲ) ဇေယျာမွန်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိ အိခင်က ကျေးဇူးတင်စကား ပြောကြားခဲ့ သည်။

**ကျိုက်ထို(ပြန်/ဆက်)**



# ကမ္ဘောဒီးယားနိုင်ငံက ဆင်းရဲနွမ်းပါးသူများအား ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံသုံးစွဲခဲ့

ဖနောင်ပင် အောက်တိုဘာ ၃

ကမ္ဘောဒီးယားနိုင်ငံက ၂၀၁၉ ခုနှစ်နောက်ပိုင်း ဆင်းရဲနွမ်းပါးသူများအား အထောက်အပံ့ပေးရန် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ သုံးစွဲခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနက်က ယနေ့ ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံက လက်ရှိတွင် ပြည်သူ ၄ ဒသမ ၈ သန်းခန့်အား ငွေသား အထောက်အပံ့အဖြစ်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ ထောက်ပံ့ခဲ့ပြီး အဆိုပါ ထောက်ပံ့ရေးအစီအစဉ်ကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့တော်ဖနောင်ပင်ရှိ အထည်အလိပ် စက်ရုံလုပ်သား ထောင်ပေါင်းများစွာနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားခဲ့သည်။

**ဒေါ်လာ သန်း ၄၀၀ နီးပါး သုံးစွဲပြီးဖြစ်**

ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဟွန်မာနက်၏ ပြောကြားချက်အရ ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ကာလအတွင်း ဆင်းရဲနွမ်းပါးသော ပြည်သူများအား ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး သုံးစွဲပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုနှုန်းသည် ၂၀၀၄ ခုနှစ်က ၃၆ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၆ ဒသမ ၆ ရာခိုင်နှုန်းအထိ လျော့ကျမှုရှိခဲ့ကြောင်းနှင့် ဆင်းရဲနွမ်းပါးသူ အရေအတွက်သည် ၂၀၀၄ ခုနှစ်က ၅ ဒသမ ၆ သန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၂ ဒသမ ၈ သန်းအထိ လျော့ကျခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံရှိ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ်က ထုတ်ပြန်သည့် ထုတ်ပြန်ချက်အရ သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်





# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ လာဝူတောင်တွင် တောမီးလောင်မှုဖြစ်ပွား

ဂျာဗား အောက်တိုဘာ ၃

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းရှိ လာဝူတောင်၌ ယနေ့တွင် တောမီးလောင်မှုဖြစ်ပွားရာ လက်ရှိအချိန်အထိ ဧက ဟက်တာ ၁၁၀၀ ကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း အရှေ့ဂျာဗားဒေသ သဘာဝဘေးအန္တရာယ်လျော့ချရေး အေဂျင်စီ အကြီးအကဲ ဂါတွတ် ဆိုဘရိုတိုက ပြောကြားသည်။

ယင်းတောင်တန်းသည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၂၆၅ မီတာရှိပြီး ခြေကျင်ခရီးသည်များအတွက် နေရာတစ်ခုဖြစ်သော ဂျာဗားပြည်နယ် အလယ်ပိုင်း ကာရန်ဂန်ယာ ရီဂျန်စီနယ်စပ်နှင့် အရှေ့ဂျာဗားပြည်နယ်ရှိ မဂ္ဂတန်နှင့် အန်ဂါဝီ ဒေသတို့အနီးတွင် တည်ရှိသည်။ အဆိုပါတောမီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခဲ့ပြီး ထိခိုက်သေဆုံးသူမရှိကြောင်းသိရသည်။ တောမီးလောင်ကျွမ်းမှုသည် စက်တင်ဘာ ၂၉ ရက်တွင် စတင်ဖြစ်ပွားခဲ့ပြီး အရှေ့ဂျာဗားဒေသမှတစ်ဆင့် အလယ်ပိုင်းဂျာဗားဒေသသို့ ကူးစက်ခဲ့သည်။

လက်ရှိအချိန်တွင် အလယ်ပိုင်းဂျာဗားဒေသရှိ သဘာဝဘေးအန္တရာယ် လျော့ချရေး အေဂျင်စီနှင့် ပူးပေါင်း၍ တောမီးငြိမ်းသတ်ရေးကို ဆောင်ရွက်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အန်ဂါဝီဒေသတွင် အရေးပေါ်အခြေအနေ ကြေညာထားပြီး တောမီးလောင်မှု၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေကြောင်း အန်ဂါဝီဒေသ ရဲတပ်ဖွဲ့တာဝန်ရှိသူ အာဂိုဗီယိုနိုက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံ၏စီးပွားရေး ၆ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု ကမ္ဘာ့ဘဏ်ပြောကြား

နယူးဒေလီ အောက်တိုဘာ ၃

အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ယခုဘဏ္ဍာနှစ်အတွင်း ၆ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်လာမည်ဟု မျှော်လင့်ထားကြောင်း ကမ္ဘာ့ဘဏ်က ယနေ့ ပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ စီးပွားရေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်၏ နှစ်လယ်အစီရင်ခံစာအရ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများနှင့် သိသိသာသာရင်ဆိုင်နေရသော်လည်း တိုးတက်မှုရှိနေဆဲဖြစ်ကြောင်းနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်းက အိန္ဒိယနိုင်ငံ၏ စီးပွားရေးသည် ၇ ဒသမ ၂ ရာခိုင်နှုန်းရှိခြင်းကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံများထဲတွင် တစ်နိုင်ငံအပါအဝင်ဖြစ်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ဂျီ-၂၀ နိုင်ငံများထဲတွင် ဖွံ့ဖြိုးတိုးတက်မှုဒုတိယ အများဆုံးနိုင်ငံ ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ဇူလိုင်လအတွင်းက ဂျုံနှင့် ဆန်ကဲ့သို့သော စားသောက်ကုန်များ ဈေးနှုန်းမြင့်တက်ခဲ့ခြင်းကြောင့် ငွေကြေးဖောင်းပွမှု ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။ သို့ရာတွင် စားနပ်ရိက္ခာဈေးနှုန်းများ ပုံမှန်ပြန်ဖြစ်လာပြီး အစိုးရက အဓိက ကုန်ပစ္စည်းများ ထောက်ပံ့မှု တိုးမြှင့်လာခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းသည်လည်း တဖြည်းဖြည်း လျော့ကျလာမည်ဟု မျှော်လင့်ရကြောင်း ကမ္ဘာ့ဘဏ်က ပြောကြားသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-အလင်းသစ်




# ဗီယက်နမ်နိုင်ငံက တရုတ်နှင့်လာအိုနိုင်ငံတို့သို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမသုံးခုကို အဆင့်မြှင့်တင်မည်

ဟနွိုင်း အောက်တိုဘာ ၃

ဗီယက်နမ်နိုင်ငံက အရှေ့-အနောက် စကြံတစ်လျှောက်ကုန်သွယ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံအတွင်းရှိ အမျိုးသား အဝေးပြေးလမ်းမသုံးခုကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ လမ်းလုပ်ငန်းဌာနက ပြောကြားသည်။ ယင်းအဝေးပြေးလမ်းမများသည် ဗီယက်နမ် နှင့် လာအိုနိုင်ငံမြောက်ပိုင်း၊ တရုတ်နိုင်ငံတောင်ပိုင်းဒေသများကို ဆက်သွယ်ထားသည်။

၎င်းစီမံကိန်းဆောင်ရွက်ရေးအတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေများကို အသုံးပြုမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်မှ ၂၀၂၉ ခုနှစ်အထိ ငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ဗီယက်နမ်နယူးစ် သတင်းဌာနက ယနေ့တွင်ရေးသားဖော်ပြသည်။ အဆိုပါ စီမံကိန်းတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု တန်ဖိုးမှာ ဗီယက်နမ် ဒေါင် ၉ ဒသမ ၄ ထရီလီယံခန့်ရှိပြီး အမေရိကန်ဒေါ်လာ သန်း ၃၄၀ ခန့်နှင့် ညီမျှကာ ကမ္ဘာ့ဘဏ်မှ ချေးငွေ အရင်းအနှီး ဒေါင် ၇ ဒသမ ၅ ထရီလီယံ (ဒေါ်လာ ၃၁၅ သန်း) ကျော်ရရှိမည်ဖြစ်သည်။ အဆင့်မြှင့်တင်မည့် အမျိုးသားအဝေးပြေးလမ်းများမှာ 279၊ 4Hနှင့် 217 စသည့် လမ်းမများဖြစ်ပြီး စုစုပေါင်းအရှည် ကီလိုမီတာ ၁၈၀ ကျော်ရှိသည်။

အဆိုပါ အဝေးပြေးလမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် ဆန်းသစ်တီထွင်မှုသည် ယာဉ်သွားလာမှုစွမ်းရည်ကို မြှင့်တင်ရန်နှင့် တိုးပွားလာသော သယ်ယူပို့ဆောင်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက်ဖြစ်ပြီး ဗီယက်နမ်မြောက်ပိုင်းနှင့် တရုတ်နိုင်ငံတောင်ပိုင်းအကြား သွားလာရသည့် အကွာအဝေးကို လျှော့နည်းစေမည်ဖြစ်သည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-စိုးသူရ

# ဗန်ကောက်မြို့လယ်ရှိ ဈေးဝယ်စင်တာ၌ ပစ်ခတ်မှုဖြစ်ပွား

ဗန်ကောက် အောက်တိုဘာ ၃

ဗန်ကောက်မြို့လယ်ရှိ ဆိုင်းရင်းပါရာဂွန် ဈေးဝယ်စင်တာတွင် အောက်တိုဘာ ၃ ရက်က ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့ကပြောသည်။ ထို့ပြင် ၁၄ နှစ်အရွယ် ကလေးငယ်တစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားကြောင်း ရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။ ယနေ့တွင် ဆိုင်းရင်းပါရာဂွန် ကုန်တိုက်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားရာ ၎င်းဖြစ်စဉ်အတွင်း လူလေးဦး ဒဏ်ရာရရှိခဲ့၍ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း ဗန်ကောက်မြို့တော်ရှိ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများက ပြောသည်။ ယင်းဆယ်ကျော်သက်အရွယ်တရားခံကို ဖမ်းဆီးထား ကြောင်း ရဲများက ဆိုရှယ်မီဒီယာတွင် ကြေညာခဲ့ သည်။ ၎င်းဆိုင်းရင်းပါရာဂွန်ကုန်တိုက်ကို ၂၀၀၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ဗန်ကောက်တွင် အကြီးဆုံးစီးပွားရေးဆိုင်ရာအဆောက်အအုံများထဲမှ တစ်ခု ဖြစ်ကာ နိုင်ငံခြားသား ခရီးသွားများအကြား ရေပန်း စားသည်။ ကုန်တိုက်တွင် တန်ဖိုးကြီးဖက်ရှင် အမှတ်တံဆိပ်များနှင့် စားသောက်ဆိုင်များအပြင် ငါးပြတိုက်တစ်ခုလည်း ရှိသည်။

သေနတ်သံများဟု သံသယဖြစ်ဖွယ်ရှိသော အသံများကြောင့် ဈေးဝယ်သူများကို ၎င်းဈေးဝယ်စင်တာမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း ဒေသတွင်း အစောပိုင်း သတင်းများအရ သိရသည်။ ၎င်းသေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း ဝန်ကြီးချုပ် ဆရက်သာသာဗီဆင်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြခဲ့ပြီး ယင်းဖြစ်စဉ်အား စုံစမ်းစစ်ဆေးရန် ရဲချုပ်အား ညွှန်ကြားခဲ့သည်။

ဆိုရှယ်မီဒီယာပေါ်မှ ဗီဒီယိုဖိုင်များထဲတွင် ဈေးဝယ်စင်တာထဲမှ ဈေးဝယ်သူများ အမြန်ထွက်သွားသည်ကို တွေ့ရကြောင်းနှင့် အထူးစစ်ဆင်ရေးအဖွဲ့တစ်ဖွဲ့ကို အခင်းဖြစ်ပွားရာနေရာသို့ စုံစမ်းစစ်ဆေးရန် စေလွှတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့ကပြောကြား ခဲ့သည်။

ကိုးကား -ဆင်ဟွာ၊ အင်န်အိတ်ချ်ကေ

ဘာသာပြန်-စိုးသူရ

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မုံရွာမြို့ စက်မှုဇုန်ရပ်ကွက် အင်းဖြတ်လမ်း၌ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီချက်ဆီ ၃၈၉၅၂ ဂါလန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၆၉၆၉၆၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရ လည်းကောင်း၊ စစ်ကိုင်းမြို့ ရွှေမင်းဝံရပ်ကွက် ပေါ်တော်မူဘုရားအနီး၌ လိုင်စင်မဲ့ Sambo CZI ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)နှင့် စစ်ကိုင်းမြို့ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Hilux Surf ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)တို့ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၇၂၆၉၆၀၀)** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူး တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် SHARP ရေခဲသေတ္တာ ၂၃ လုံးအပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၈၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃၀ ရက်တွင် မြဝတီကုန်သွယ်ရေးဇုန်၌ ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် PVC Flooring ကီလိုဂရမ် ၈၅၀၀**(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အောက်တိုဘာ ၁ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Prawn Hornet စားအုန်းဆီ လီတာ ၂၈၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ပဲခူးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၃၃၈ တန်နှင့် သစ်မာ သုည ဒသမ ၃၂၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၈၀၈)ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၈၂၈၀၈)** ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ အောက်တိုဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မန္တလေးမြို့ အမရပူရမြို့နယ် ၁၄၆(A) လမ်း ၆၇x၆၈ လမ်းကြားရှိ စွယ်တော်တိုက်တန်းဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် Justus ဘီယာဘူး ၈၄၀၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၈၀၀၀၀၀)ကို လည်းကောင်း၊ မန္တလေးမြို့ အမရပူရမြို့နယ် ၆၇ လမ်းနှင့် ၁၄၆(F) လမ်းထောင့်ရှိ ဂိုဒေါင်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Smart အမွှေးရည်အထုပ် ၈၄၀၊ နို့ချဉ်ပါကင် ၆၆၀ အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၂၆၀၀၀၀)ကို လည်းကောင်း၊ လက်ပံလှ-စဥ့်ကူးယာယီစစ်ဆေးရေးစခန်း၌ မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Plastic Sheet ၃၇၅ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းကိုးမျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၂၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၄၀၈၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂၉ ရက်၊ ၃၀ ရက်နှင့် အောက်တိုဘာ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ **အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၈၁၂၄၀၈)**ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဒေးဒရဲမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ဒေးဒရဲ အောက်တိုဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ကျေးရွာချင်းဆက်လမ်းများ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအား ယမန်နေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။



အဆိုပါလုပ်ငန်းများ ကြည့်ရှုစစ်ဆေးခြင်းကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွေးကိုကို ဦးဆောင်၍ ဖျာပုံခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်လင်းနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းဖြင့် ယမင်းရောကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဆင်-ဘုရားချောင်းလမ်း ကျောက်ချောလမ်း ခင်းကျင်းနေမှုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ပဆင်-တညင်ကုန်း-သဲကုန်း-ကုန်းတန်းကလေး ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းများ အချိန်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ တညင်ကုန်း- သဲကုန်း-ကုန်းတန်းကလေး ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးပါက ၎င်းလမ်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာ ခုနစ်ရွာရှိ ကျေးလက်နေပြည်သူ ၄၂၇၂ ဦးနှင့် ဘုရားချောင်းလမ်း ပြီးစီးပါက အဆိုပါလမ်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာ သုံးရွာရှိ ကျေးလက်နေပြည်သူ ၁၂၁၂ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။ ၂၀၇

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၄-၁၀-၂၀၂၃ ဗုဒ္ဓဟူးနေ့

**MRTV HD**

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မောရသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ စက်တင်ဘာလ)(တတိယပိုင်း)
၀၉:၁၅ Asian Games Daily Highlights-(6)
၀၉:၄၀ 'အနုပ္ပဝုဏ်အင်ဆရာရှင်'
၁၀:၀၀ သတင်းထဲကသတင်း
၁၁:၁၅ 'ကမ္ဘာတစ်လွှားအနုပညာသတင်းများ'
၁၁:၃၀ ရုပ်ပြယ်စုံလင်အာဆီယံအစီအစဉ်
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတကော်ဘောအက်ဆေး' (အပိုင်း-၈)
၁၃:၀၀ သီချင်းကြီးပဒေသာ
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၅)
၁၄:၄၅ မျိုးဝုဏ်တင့်စေဆိုကရေးတီးအဖွေ
၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း' (အပိုင်း-၃၁)
၁၅:၃၀ Weekly Soccer Preview
၁၆:၃၅ ရွှေသို့ချီမည် ပန်းတိုင်ဆီ
၁၇:၂၀ ရိုက္ခာပြည့်ဖြိုးဝင်ငွေတိုး ပူလုံကြွယ်ဝသားငါး ကဏ္ဍ(ဘက်စုံကြိုးပမ်းလှော်ကားငါးလုပ်ငန်း)
၁၇:၃၅ မြတ်ဆရာ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ဟာသမြို့တော် (ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) 'မင်္ဂလာမှမင်္ဂလာသို့'
၁၉:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝတကော်ဘောအက်ဆေး' (အပိုင်း-၉)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ နိပါတ်တော်လာဇာတ်သဘင်မဟာ 'မင်းကုသနှင့်ပဘာဝတီဇာတ်တော်'
၂၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၂၀)

**mitv**

07:02 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
07:09 Myanmar Puppeteers (U Shwe Yoe & Daw Moe Dance)
07:19 Myanmar Traditional Snacks: Shwe Hta Min
07:25 Welcome To Naga Land
08:01 News
08:26 Three Beautiful Islands
08:46 Toddy Palm Product Shop
09:01 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
09:27 A Grate Musician of A Horn Violin
09:49 One of the Useful Purposes of Bamboo
10:01 News
10:26 Topical Topics (No. 2) Rebuilt Friendliness with the environment & Regrow Mangrove Plantation

**MRTV NRC**

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
ရာမညမြေမှအမွေအနှစ်များ
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
အရိုးချေလက်ရာ (ငါးအိုးကပ်ချက်နှင့် သခွားသီးသုပ်)
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
ပင်လောင်းရှမ်းစက္ကူ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ကြက်သွန်ဖြူနှင့်ကျန်းမာရေ
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့
**စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ဒီဇိုင်နာဟီဟီနှင့် တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်းဇိုး) (၂၁:၀၀ မှ ၂၂:၀၀)**
ပြောင်းဖူးခြောက်ပြုတ်နည်း
**ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)**
မိုးတွင်းညထွက်သားငါးရှာဖွေခြင်း

**MRTV NEWS**

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၄၅ SPORTS MAX
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
၁၄:၀၀ MRTV National News
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၁၉:၁၅ ပထိုင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပအိုဝ်းရိုးရာပဲပုပ်လုပ်ငန်း
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'သိလျက်နဲ့ထိမ်ချန်မှု'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း-၂)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
၁၁:၃၀ ရွှေသို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၀)
၁၈:၀၀ Economic Review (အပိုင်း-၂၂) (ကွန်ပျူတာလုပ်ငန်းကဏ္ဍ)

**MRTV FARMERS' HTV Channel**

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
၀၆:၃၀ တန်ဖိုးမြင့်ထုတ်ကုန် ဖွဲ့နှသီအစွမ်း
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
၁၈:၀၀ Working the land for our climate - Healthy soil, healthy world | DW Documentary
၁၈:၃၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
၁၉:၀၀ Anything Can Happen
၁၉:၃၀ First Ever Tour of My New Garden
၂၂:၀၀ ကိုကိုလက်မ(ဇာတ်လမ်း)

**MRTV SPORTS HTV Sports**

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၈:၂၀ 19th Asian Games (Highlight)
၁၉:၄၀ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

## မွန်ပြည်နယ်ဝန်ကြီးချုပ် အမှတ် (၉) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်များ မွမ်းမံပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး



**မော်လမြိုင် အောက်တိုဘာ ၃**

ဩဂုတ် ၄ ရက်က မီးလောင်မှုကြောင့် နှစ်ထပ်စာသင်ဆောင်အား တစ်ထပ်ကျောင်းဆောင်အဖြစ်နှင့် သုံးထပ်စာသင်ဆောင်အား နှစ်ထပ်ကျောင်းဆောင်အဖြစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဆောက်လုပ်ရေး တာဝန်ခံများ၊ ကျောင်း အကျိုးတော်ဆောင်များက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စာသင် ကျောင်းဆောင်များအတွင်း ကလေးငယ်များ ပညာသင်ကြားနေမှုကို လည်းကောင်း၊ နှစ်ထပ်ကျောင်းဆောင် ပြုပြင်မွမ်းမံနေမှုများကို လည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ် (၉) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အသစ်ဆောက်လုပ်လျက်ရှိသော အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ R.C.C သုံးထပ် အဆောက်အအုံသစ်ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ စံချိန်စံညွှန်းမီစွာဖြင့် စေတနာထားဆောက်လုပ်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ် သန်းခေါင်စာရင်းကော်မတီဝင်များ ပူးပေါင်းပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း၏ ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းတွင် တစ်ခု အပါအဝင်ဖြစ်သည့် စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်း ဆောင်ရွက်မှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား စမ်းသပ် သန်းခေါင်စာရင်း ကောက်ယူရခြင်းအကြောင်းနှင့် မှန်ကန်စွာ ဖြေကြားခြင်းဖြင့် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနိုင်ရေး ရှင်းလင်းပြောကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၂၃ ခုနှစ်၊ စမ်းသပ်သန်းခေါင်စာရင်းများ ကောက်ယူခြင်းလုပ်ငန်းများကို မန္တလေး တိုင်းဒေသကြီးအတွင်း ပြည်ကြီးတံခွန်မြို့နယ်၌ အောက်တိုဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းကို ပြည်ကြီးတံခွန်မြို့နယ်၌ (က)ရပ်ကွက် ကောက်ကွက် အမှတ် (၀၀၁) တွင် အောက်တိုဘာ ၂ ရက်က ဆက်လက်ဆောင်ရွက်ခဲ့ရာ နှစ်ရက်တာအတွင်း ၃၅ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ကြီးတံခွန်မြို့နယ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ကပြောသည်။

၂၀၂၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် မြို့နယ်ပေါင်း ၂၀ တွင် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ကောက်ကွက် အမှတ် (၀၀၁ )မှ အိမ်ထောင်စုပေါင်း ၁၂၅ စုခန့်နှင့် မြင်းခြံမြို့နယ်၌ ကောက်ကွက် ၁၀ ကွက်မှ အိမ်ထောင်စု ၁၂၅၀ ခန့် စမ်းသပ်ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**မောင်အေးချမ်း**



## မိတ္ထီလာမြို့ ဝန်ဇင်းဈေး၌ ပြည်သူ့သက်သာဈေးအရောင်းဆိုင် ဖွင့်လှစ်ရောင်းချ



**မိတ္ထီလာ အောက်တိုဘာ ၃**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်း၍ မိတ္ထီလာမြို့ ဝန်ဇင်းဈေး၌ ပြည်သူ့သက်သာ ဈေးအရောင်းဆိုင်ကို ယနေ့နံနက် ၇ နာရီက ဖွင့်လှစ်ရောင်းချပေးသည်။

အဆိုပါ ပြည်သူ့သက်သာဈေးအရောင်းဆိုင်တွင် ဆန်၊ဆီ၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သား၊ ဆိတ်သား၊ အမဲသား၊ ငါး၊ ပုစွန်၊ ခေါက်ဆွဲ စသည့်အခြေခံ စားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးရာ ဈေးရောင်း ဈေးဝယ်နေမှု အခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်နှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

၎င်းပြည်သူ့သက်သာဈေး အရောင်းဆိုင်တွင် ရောင်းချသည့် အခြေခံစားသောက်ကုန်များကို ထုပ်ပိုးရောင်းချပေးရာတွင် ပလတ်စတစ်သုံးစွဲမှု လျော့ကျစေရေးနှင့် ပလတ်စတစ်သုံးစွဲမှု ကင်းစင်ပပျောက်ရေးအတွက် ပလတ်စတစ်အစားထိုး အင်ဖက်၊ သတင်းစာ စက္ကူများဖြင့် ထုပ်ပိုးရောင်းချပေးခဲ့သည်။ အဆိုပါ ပြည်သူ့သက်သာ ဈေးအရောင်းဆိုင်ဖွင့်လှစ်ရောင်းချခြင်းကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင်ဈေးများတွင် အပတ်စဉ်အလိုက် ဖွင့်လှစ်ရောင်းချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ ( မိတ္ထီလာ)**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Kyaw Htay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ခမောက်ကြီးမြို့ မော့သုတ်ကျေးရွာနေ ကျော်ဌေးအား နံနက် ၁၀ နာရီတွင်လည်းကောင်း၊ “Zaw Lwin Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နေ ဇော်လွင်အောင်အား မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ “Sai Kyaw Htay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ ဟိုမွန်ရပ်ကွက်နေ စိုင်းကျော်ဌေးအား ည ၇ နာရီ ၃၅ မိနစ်တွင်လည်းကောင်း၊ “Aung Khaing Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်နေ အောင်ခိုင်စိုးအား ည ၁၀ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆန်း စိုက်ပျိုးရေးနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်း လီမိတက်၏ ၁၈ တန်ကျ ဆန်စက်ဖြင့် ဆန်လိုအပ်ချက်များ ဖြည့်ဆည်း

**ပူတာအို အောက်တိုဘာ ၃**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် လုံးစွတ်ရပ်ကွက်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် ပထမဆုံးတည်ဆောက်ထားသည့် ဆန်း စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၁၈ တန်ကျဆန်စက်ကို ဇွန် ၁၉ ရက်တွင် ဖွင့်လှစ်ခဲ့ရာ သုံးလအတွင်း စပါးတင်းပေါင်း ၁၆၅၆၂ တင်း ကြိတ်ခွဲနိုင်ခဲ့ရာ ဆန်အနေဖြင့် တင်းပေါင်း ၇၅၀၀ ကျော် ထုတ်လုပ်ပေးနိုင်ခဲ့ပြီး ဆန်စက်အသေးဖြင့် ကြိတ်ခွဲမှုထက် စပါး ၁၀ တင်းလျှင် ဆန်တစ်တင်းခွဲ ပိုမိုထွက်ရှိသည်။ ဆန်စက်မှထွက်ရှိသည့် ဖွဲနု၊ စပါးခွံများကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်းကောင်း အကျိုးရှိစွာ အသုံးပြုနိုင်ပြီး ဒေသခံပြည်သူများအတွက် များစွာအကျိုးရှိနေပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၂-၉-၂၀၂၃ ရက်မှအဆက်

တစ်ခါတစ်ခါမူ ကိုအေးဆွေသည် ရီဝေသည့်မျက်လုံး၊ မျှော်လင့်တောင့်တသည့်မျက်နှာဖြင့် ခင်သန်းဌေးကို မြတ်နိုးစွာ ကြည့်တတ်သည်။ ထိုအခါများတွင်မူ ခင်သန်းဌေး၏ရင်များသည် တဒိန်းဒိန်းခုန်ကာ လှုပ်ရှားသွားရစမြဲဖြစ်သည်။ ထို့အတူ စိတ်ထဲမှာလည်း ကြည်နူးသွားရစမြဲဖြစ်သည်။ ထိုသောကာလတွင် သူတို့၏အခြေအနေများကို တစေ့တစောင်း ရိပ်မိလာသော အတူသွားမြဲဖြစ်သည့် အဖော်ဆရာမ ချစ်ချစ်သည် ခင်သန်းဌေးအား မထိတထိနှင့် နောက်တတ် ပြောင်တတ်လာသည်။

[ ၃၄ ]

"ဟင်၊ ဌေးဌေးပါလား။ ဘယ်က ပြန်လာလဲ"

ကိစ္စတစ်ခုနှင့် ရွာထဲမှပြန်လာသော ကိုအေးဆွေသည် ရွာပြင်ဘက် ပေတစ်ရာလမ်းမကြီးပေါ်အရောက် ခင်သန်းဌေးအား တွေ့၍ နှုတ်ဆက်လိုက်သည်။

"ကျောင်းက ပြန်လာတာလေ"

တောက်ပသောအပြုံးနှင့် ကြည်လွင်သောအသံရှင် ခင်သန်းဌေးကို တွေ့လိုက်ရလျှင်ပင် ကိုအေးဆွေ၏ရင်မှာ အေးမြ၍သွားသည်။

"ဒီနေ့ ကျောင်းပိတ်တယ်မဟုတ်လား"

ကိုအေးဆွေက စူးစမ်းဟန်ဖြင့် ဆို၏။

"ပိတ်ပါတယ်။ ဒါပေမဲ့ ကျောင်းသားကြီးတွေနဲ့ ဆရာတွေက ကျောင်းဝင်းသန့်ရှင်းရေး လုပ်ကြတယ်လေ။ အဲဒါ ခုမှပြီးလို့ ပြန်လာတာ"

"သြော်၊ ဟုတ်လား။ ဒါနဲ့ ဌေးဌေး တစ်ယောက်ထဲလား။ ဆရာမချစ်ချစ်ရော"

"ဌေးတစ်ယောက်တည်းပဲ ကိုအေးဆွေ၊ ချစ်ချစ်တော့ နေမကောင်းလို့ခွင့်ယူထားတာ ၂ ရက်လောက်ရှိပြီ"

ကိုအေးဆွေနှင့် ခင်သန်းဌေးတို့သည် စကားတပြောပြောနှင့် တဖြည်းဖြည်း လျှောက်လာကြသည်။

"ဒါနဲ့၊ ဌေးဌေး နေပါဦး။ လူထုဒေါ်အမာရေးတဲ့ "ဆိုရှယ်လစ်တိုင်းပြည်များသို့" ဆိုတဲ့စာအုပ် ဖတ်ပြီးပလား"

"ဟင့်အင်း၊ မဖတ်ရသေးဘူး။ ကြားတော့ကြားဖူးတယ်။ အင်မတန်ဖတ်ဖို့ကောင်းတဲ့စာအုပ်လို့ ဆိုတယ်"

"ဒါဖြင့် ဖတ်မလား"

"ကိုအေးဆွေရယ် ဘယ့်နှယ်ပြောပါလိမ့်၊ ဖတ်မှာပေါ့။ ခု ကိုအေးဆွေဆီမှာ ရှိလို့လားဟင်




ခင်သန်းဌေးက အငမ်းမရ ဖတ်ချင်နေဟန်ဖြင့် ကိုအေးဆွေအားကြည့်ရင်း မေးလိုက်၏။

"အင်း၊ ရှိတယ်"

ကိုအေးဆွေသည် ပါးစပ်က ပြန်လည်ဖြေရင်း ခေါင်းလည်းညိတ်ပြ၏။

"ဒါဖြင့် ဌေး ခု လိုက်ယူမယ်လေ"

"လိုက်ယူလေ၊ ဒါပေမဲ့ ဖတ်ခတော့ပေးရမယ်"

"အမယ်လေးရှင်။ ပေးပါမယ်၊ ပေးပါမယ်။ တကတဲ"

ကိုအေးဆွေက ပြုံးပြုံးကြီးနှင့် ထေ့လိုက်သလို ခင်သန်းဌေးကလည်း ရယ်ရယ်မောမောဖြင့် ပြန်ငေါ့လိုက်၏။

သည်ကဲ့သို့ တစ်ဦးနှင့်တစ်ဦး အထေ့အငေါ့လေးများနှင့် သုံးနှုန်းလာသောအခါ နှစ်ဦးစလုံး၏ရင်သည် လှုပ်ရှားလာသည်။ ကြည်နူး၍လည်း အလိုလို ပျော်လာကြသည်။

"ကဲ၊ ပြောလေ။ တစ်ရက်ဖတ်ခ ဘယ်လောက်လဲ"

"ရက်သာမှတ်ထားပါဗျာ။ နောက်ကျမှ အကြွေးတောင်းပါ့မယ်။ ပိုက်ဆံမဟုတ်ဘူးနော်"

"အလို၊ ဘာပါလိမ့်မယ်။ ဘာပေးရမလဲရှင်"

ခင်သန်းဌေးက ရုတ်တရက် အံ့အားသင့်ဟန်ဖြင့် ကိုအေးဆွေကို စူးစိုက်ကြည့်ရင်း ဆိုလိုက်သည်။

"တစ်ခုခုပေါ့ဗျာ"

**"ဒါကတော့ ဌေးဌေးရယ်၊ သဘာဝကို ဘယ်လွန်ဆန်လို့ရမလဲ။ အချိန်တန်အရွယ်ရောက်ရင် လူပဲဖြစ်စေ၊ တိရစ္ဆာန်ပဲဖြစ်စေ၊ သစ်ပင် ဝါးပင်ပဲဖြစ်စေ ဖို မ သဘာဝအတိုင်း သီးကြ ပွင့်ကြရမယ်ဆိုတာဟာ ဓမ္မတာပဲမဟုတ်လား။ လူတွေကသာ ငယ်ပါသေးတယ်၊ နို့အပ်စော်တောင်မပျောက်သေးပါဘူး၊ ပါဘူးနဲ့ တစ်မျိုး။ ပညာမစုံသေးပါဘူး၊ ဂုဏ်ရည်ချင်းမတူပါဘူး၊ ပါဘူးဆိုတာနဲ့တစ်ဖုံ မိဘများက အမျိုးမျိုးဟန့်တားထားကြရော။ ဒါနဲ့ ပညာစုံလာပြန်တော့လည်း အဆင့်အတန်းချင်းမတူဘူး ပါဘူးနဲ့ လင်စံရွေးနေလိုက်ကြတာ တဖြည်းဖြည်း . . ."**

ရယ်သလို မောသလိုဖြင့် ကိုအေးဆွေက ခပ်တည်တည်ပြောလိုက်ပြန်သည်။

"ဟင့်အင်၊ ဒီလိုဆို ငှားမဖတ်တော့ဘူး။ တော်ကြာ ဌေး မပေးနိုင်တာ တောင်းနေရင် ခက်နေမယ်"

ခင်သန်းဌေးကလည်း ပြုံးပြုံးလေးဖြင့် ခေါင်းပါယမ်း၍ ငြင်းပယ်လိုက်သည်။ သို့ရာတွင် ခင်သန်းဌေး၏ ဦးနှောက်တွင်း ဝယ် ဘာများလဲဟု အတွေးကမူ အလိုလို ဝင်လာသည်နှင့်အမျှ မျက်နှာတွင်လည်း ရှက်သွေးက ဖြာခနဲတက်လာသည်။

"အလကားနောက်တာပါ ဌေးဌေး၊ သဘောရှိ ဖတ်ချင်သလောက် ဖတ်ပါဗျာ"

ပျက်ခနဲဖြစ်သွားသော ခင်သန်းဌေး၏ မျက်နှာအမူအရာကိုကြည့်ကာ ကိုအေးဆွေက သူ့စကားကို လျှော်ပစ်လိုက်သည်။

ထို့နောက် ကိုအေးဆွေတို့သည် အတွေးကိုယ်စီဖြင့် လျှောက်လာကြရင်း ဘုံထန်းတောနယ်မြေထဲသို့ ဝင်လာသည်။ စုပေါင်းထန်းလုပ်ငန်းဝင်းကြီး၏ မြောက်ဘက်ပေါက်မှ ဝင်နိုင်ကြရန် သူတို့သည် ပေတစ်ရာလမ်းမကြီးပေါ်မှ ဖွဲဆင်း၍ ဖြတ်လမ်းလေးအတိုင်း ထန်းတောထဲသို့ ဝင်လာကြသည်။

"ဟင်၊ ကြည့်စမ်း ကိုအေးဆွေ။ ဟိုထန်းပင်လေးတွေက နိမ့်နိမ့်လေးတွေနဲ့ အခိုင်တွေထွက်ဖို့ ပြင်တောင်နေကြပြီနော်"

ခင်သန်းဌေးသည် မလှမ်းမကမ်းရှိ ထန်းရိုင်းပင်ကလေးများ (ထန်းနို့ခိုင်များထွက်နေသော သီးထွက်ခါစ ထန်းပင်ပျိုကလေးများ) ကိုကြည့်ကာ တအံ့တသြဖြင့် ဆိုလိုက်သည်။ ထိုထန်းပင်ကလေးများမှာ ထန်းဖိုပင်ကလေးများဖြစ်၍ ထန်းတက်သမား လေးငါးခြောက်ဦးက ကိုယ်စီတက်ကာ လှီးဖြတ် အရည်ခံနိုင်ရန်အတွက် သီချင်းတကြော်ကြော်နှင့် ပြင်ဆင်နေကြသည်။

"ဒါကတော့ ဌေးဌေးရယ်၊ သဘာဝကို ဘယ်လွန်ဆန်လို့ရမလဲ။ အချိန်တန်အရွယ်ရောက်ရင် လူပဲဖြစ်စေ၊ တိရစ္ဆာန်ပဲဖြစ်စေ၊ သစ်ပင် ဝါးပင်ပဲဖြစ်စေ ဖိုမ သဘာဝအတိုင်း သီးကြ ပွင့်ကြရမယ် ဆိုတာဟာ ဓမ္မတာပဲ မဟုတ်လား။ လူတွေကသာ ငယ်ပါသေးတယ်၊ နို့အပ်စော်တောင် မပျောက်သေးပါဘူး၊ ပါဘူးနဲ့ တစ်မျိုး။ ပညာမစုံသေးပါဘူး၊ ဂုဏ်ရည်ချင်းမတူပါဘူး၊ ပါဘူးဆိုတာနဲ့ တစ်ဖုံ မိဘများက အမျိုးမျိုးဟန့်တားထားကြရော။ ဒါနဲ့ ပညာစုံလာပြန်တော့လည်း အဆင့်အတန်းချင်း မတူဘူး ပါဘူးနဲ့ လင်စံရွေးနေလိုက်ကြတာ တဖြည်းဖြည်း အရွယ်ဟိုင်းလာပြီး လင်ယူချင်ပါလျက် မယူရတဲ့ အပျိုကြီးဖြစ်နေတဲ့ အမျိုးသမီးတွေ အပုံ"

"ကိုအေးဆွေကတော့ လုပ်ပြီ။ ဌေး မေးတာကတခြား၊ ကိုအေးဆွေဖြေတာကတစ်မျိုး၊ ပြောချင်ရာတွေ လျှောက်ပြောနေ။ ဌေးကိုတော့ စောင်းမပြောနဲ့နော်၊ ဒါပဲ"

ခင်သန်းဌေးက ကြိမ်းမောင်းဟန်လေးဖြင့် ရယ်တော့မလို ပြုံးတော့မလိုလုပ်၍ ပြောလိုက်သည်။

"ကျွန်တော်ကလည်း ဌေးဌေးကိုပဲ တမင် တည့်တည့်ပြောနေတာဗျို့"

ထိုနောက်တော့ နှစ်ဦးသား သဘောကျစွာဖြင့် ရယ်မောလိုက်ကြသည်။

"တော်စမ်းပါ ကိုအေးဆွေ၊ ဌေး နားရှက်ပါတယ်။ ကိုင်းပါ၊ အဲဟိုက ထန်းပင်လေးတွေကိုပဲ ပြောစမ်းပါ။ ဘာလို့ သူတို့ကတော့ အသီးမထွက်ကြသေးသလဲဟင်"

ခင်သန်းဌေးသည် စကားလမ်းကြောင်းပြောင်း၍ ရှေ့ဘက် မလှမ်းမကမ်းရှိ သီးခြားစုပေါင်းနေသော ထန်းပင်စုကို လက်ညှိုးထိုး မေးလိုက်သည်။ ထိုထန်းပင်စုတွင် ဆင်တစ်ရပ် မြင်းတစ်ရပ်ခန့်စီရှိသော ထန်းရိုင်းပင်ကလေးများ ဆယ်ပင်ခန့်နှင့် ထန်းပင်ကြီးနှစ်ပင်ကို တွေ့ရသည်။

"ဌေးဌေးကတော့လုပ်ပြီ မဟုတ်တရုတ်၊ ဒီထန်းပင်ကလေးတွေ ရှိလှ လေးငါးရှစ်နှစ်သား၊ အလွန်ဆုံး ဆယ်နှစ်သား အရွယ်တွေပေါ့"

"သိဘူးလေ၊ ထန်းဘက်ဆိုင်ရာ ပါရဂူကြီးဆိုတော့ အရွယ်ရောက်လို့ လင်များပေးစားထားကြပြီလားလို့ပါ"

ခင်သန်းဌေးက ပြောင်ချော်ချော် မျက်နှာပေးလေးဖြင့် ကိုအေးဆွေကို မျက်နက်ကလေး ထောင့်ကပ်ကြည့်ရင်း ရွဲ့ပြောလိုက်သည်။

ဤပြီတီတီ အကြည့်လေးကြောင့် ကိုအေးဆွေ၏ရင်မှာ ဖိုခနဲဖြစ်သွားသည်။ ထိုကြောင့်လည်း ကိုအေးဆွေမှာ လှုပ်ရှားနေသောရင်ဖြင့် အလိုက်သင့်သာ ပြုံးနေသည်။ ရုတ်တရက် ပြန်လှန်ချေပခြင်း၊ နောက်ပြောင်ခြင်း မပြုပေ။ အတန်ကြာမှ လေးနက်သောအမူအရာဖြင့်သာ ဆိုလာချေတော့သည်။

"အဲဒီ ဌေးဌေးပြောတဲ့ ထန်းပင်စုကို သေသေချာချာကြည့်စမ်းပါ။ ဘာများ ထူးခြားချက်တွေ့သလဲလို့"

ခင်သန်းဌေးသည် ထိုထန်းပင်စုကို စူးစိုက်၍ အတန်ကြာကြည့်၏။

"ဟင့်အင်း၊ ဘာမှမတွေ့ပါလား"

"သေချာကြည့်ပါလေ။ ထန်းပင်ကြီးနှစ်ပင်အနက် တစ်ပင်က အဖိုပင်၊ မြူအိုးသုံးလုံး ဆွဲထားတယ်။ ကျန်တစ်ပင်က သီးခိုင်လေးတွေ ထွက်ပြူစပြူနေတဲ့ အမပင်။ အဲဒီ အဖိုပင်နှင့် အမပင်ဟာ အမြစ်ချင်းဆက် ပေါက်နေကြတယ်။ ပြီးတော့ ထန်းရိုင်းပင်ကလေးတွေက အပင်ကြီးနှစ်ပင်ရဲ့ခြေရင်းမှာ ဝန်းရံ စုပေါက်နေကြတယ်"

"ဒါတော့တွေ့တာပေါ့ ကိုအေးဆွေ၊ ဒါများအဆန်းလုပ်လို့"

ခင်သန်းဌေးက မထူးခြားသလိုနှင့် ဆို၏။

"အဲဒီ အမြစ်ချင်းဆက်၊ အရွက်ချင်း ယှက်ပေါက်နေတဲ့ ထဖိုပင်နဲ့ ထမပင်ကို ထန်းမောင်နှံလို့ ကျွန်တော်က နာမည်ပေးထားတယ်"

သူ့စိတ်ကူးနှင့်သူ ကဗျာဆန်ဆန် တွေးခေါ်၍ပြောနေသော ကိုအေးဆွေ၏ စကားများကြောင့် ခင်သန်းဌေးမှာ ရယ်ချင်သလိုလို ဖြစ်လာသည်။ သို့သော် လေးနက်သော ကိုအေးဆွေ၏ မျက်နှာအမူအရာကိုကြည့်ကာ အသာ အကဲခတ်နေသည်။

'သူတို့ဘဝကြည့်ပြီး စိတ်မချမ်းမြေ့ဖူးလား"

ခပ်တည်တည်ကြီးနှင့် ထပ်၍ပြောလိုက်သော ကိုအေးဆွေ၏စကားများကြောင့် ခင်သန်းဌေးမှာ မအောင့်အည်းနိုင်တော့ပေ။ တခစ်ခစ်မြည်အောင်ပင် ရယ်မောလိုက်မိချေသည်။

"မရယ်နဲ့ ဌေးဌေး၊ ကျွန်တော်တော့ အဲဒီ ထန်းမောင်နှံဟာ ကျွန်တော်တို့ ဘဝရဲ့လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ပေးနိုင်မယ့် ပြဒါးတိုင်တွေ ဖြစ်လိမ့်မယ်လို့ ထင်တယ်"

ဒီတော့လည်း ခင်သန်းဌေးသည် ဖျတ်ခနဲ ကိုအေးဆွေကို လှည့်ကြည့်လိုက်ရင်း သူ၏ အစွန်းမလွတ်သော စကားအဓိပ္ပာယ်ကိုပါ အပြေးအလွှား စဉ်းစားနေမိသည်။

"ဘာ ဘာ၊ ဘယ်လို၊ ပြဒါးတိုင်တွေ ဟုတ်လား"

အဆက်အစပ်မရှိ ပဟေဠိဆန်လှစွာ ပြောနေသော ကိုအေးဆွေ၏စကားများကို အလွယ်တကူ စဉ်းစားမရသည့်အဆုံး ရုတ်တရက် ကောက်၍မေးလိုက်သည်။

"ဟုတ်ပါတယ်။ ဒီ အဝိညာဏက ဖြစ်တဲ့ ထန်းမောင်နှံနှစ်ပင်ဟာလည်း စောစောက ကျွန်တော်ပြောခဲ့သလို အချိန်တန်လို့ သူ့ကာလရာသီရောက်လာတယ်ဆိုရင်ပဲ သဘာဝကို မလွန်ဆန်ရဲကြဘူး။ သီးကြ ထွက်ကြတယ်။ ခုဆိုရင် ထန်းဖိုပင်က "ထန်းဖိုလုံးရစ်" အဖြစ်နဲ့ လူတွေစားသုံးဖို့အတွက် အရည်တွေ ထွက်ရှိပေးနေပြီ။ မကြာမီ "ညှပ်ရည်" အဖြစ် ပေးဦးမယ်။ ထန်းမပင်ကဆိုရင်လည်း မကြာခင် "သီးနုရည်" တို့၊ "သီးရင့်ရည်" တို့ ပေးဖို့အတွက် ခုဆိုရင်ပဲ သီးခိုင်စို့လေးတွေ ထွက်စပြူနေပြီ၊ ဒါဟာ ဘာလဲလို့ဆိုရင် အသက်ရှိသော်လည်း အသိဉာဏ်မရှိတဲ့အဝိညာဏက သစ်ပင်မျိုး ဖြစ်ပေမဲ့လည်း သဘာဝကို မတော်လှန်ရဲဘူး။ မဆန့်ကျင်ရဲဘူး။ သဘာဝဓမ္မရဲ့ ဖန်တီးချက်အရ ပြုပြင်မှုကို ခံနေရတာပဲ မဟုတ်လား"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစုခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း အမိန့်ကြော်ငြာစာထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
အမိန့်ကြော်ငြာစာအမှတ်(၁၈ /၂၀၂၃)
၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်)
**SIM Card များကို စနစ်တကျ မှတ်ပုံတင်ရောင်းချခြင်းနှင့် လွှဲပြောင်းရာတွင် စနစ်တကျပြန်လည်မှတ်ပုံတင်ခြင်း**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုများကို မှန်ကန်စွာ အသုံးပြုလျက်ရှိသည့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန် မိုဘိုင်းဆက်သွယ်ရေးစနစ်ကို အခြေခံသည့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊ e-commerce လုပ်ငန်းများနှင့်စပ်လျဉ်း၍ သုံးစွဲသူများကို လိမ်လည်မှုများမှ ကာကွယ်ပေးနိုင်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်ရန်တို့အတွက် ရည်ရွယ်ပြီး မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများမှ SIM Card ရောင်းချရာတွင် လိုက်နာရမည့် အမိန့်နှင့် ညွှန်ကြားချက်များအား ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် ယခုအခါ မိုဘိုင်း SIM Card များအား ညွှန်ကြားချက်နှင့်အညီ မှတ်ပုံတင်ခြင်းမပြုဘဲ SIM Card အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ Points of Sales (POS)များ၊ မိုဘိုင်း Hand Set အရောင်းဆိုင်များအပြင် ဈေးများနှင့်လမ်းဘေးဆိုင်များတွင် လည်းကောင်း၊ Online တွင်လည်းကောင်း ဆက်လက်၍ ရောင်းချလျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ ထိုသို့ SIM Card များအား စနစ်တကျမှတ်ပုံတင်ခြင်းမပြုဘဲ ဝယ်ယူသုံးစွဲနိုင်ခြင်းကြောင့် ဝယ်ယူအသုံးပြုမည့် အများပြည်သူများအနေဖြင့် အဆိုပါ SIM Card နှင့် ချိတ်ဆက်အသုံးပြုလျက်ရှိသည့် ငွေကြေးဝန်ဆောင်မှုများသာမက အခြားသော Online ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ လိမ်လည်မှုခံရနိုင်သည့်အပြင် ရာဇဝတ်မှုများကို နှိမ်နင်းနိုင်ရန်အတွက် ဥပဒေနှင့်အညီ စုံစမ်းမှုများပြုလုပ်ရာတွင်လည်း အခက်အခဲများ ရှိလာပါသည်။ ထို့အပြင် မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို အသုံးပြုပြီး ဆက်သွယ်ရေးကွန်ရက်ပေါ်မှ ရာဇဝတ်မှုများ၊ အကြမ်းဖက်လုပ်ဆောင်မှုများနှင့် ခြိမ်းခြောက်အန္တရာယ်ပြုမှုများ ပိုမိုပြုလုပ်လာကြသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်လာပါသည်။ ထို့ကြောင့် SIM Card များကို စနစ်တကျမှတ်ပုံတင်၍ ရောင်းချခြင်းနှင့်စပ်လျဉ်း၍မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၊ ၎င်းတို့နှင့်တရားဝင်စာချုပ် ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်များသာမက အများပြည်သူများအပါအဝင် မည်သူမဆို သိရှိလိုက်နာရန် လိုအပ်လာပါသည်။

၃။ သို့ဖြစ်ပါ၍ မိုဘိုင်း SIM Card များ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများ၏ အရောင်းဆိုင်များ၊ မိုဘိုင်းဆက်သွယ်ရေး အော်ပရေတာများနှင့် တရားဝင်စာချုပ်ချုပ်ဆိုထားသည့် အရောင်းကိုယ်စားလှယ်များနှင့် အရောင်းဆိုင်(Points Of Sales)များသည် Customer Registration ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ပြီးမှသာ ရောင်းချရမည်။ ထိုသို့ ရောင်းချမှုတွင် အသစ်ထုတ်ဝေရောင်းချမည့် SIM Card ဖြစ်စေ၊ လက်ရှိဖြန့်ဝေထားသည့် SIM Card ဖြစ်စေ အကျုံးဝင်စေရမည်။

(ခ) မည်သူမဆို မှတ်ပုံတင်ထားခြင်းမရှိသည့် သို့မဟုတ် လိမ်လည်၍ မှတ်ပုံတင်ထားသည့် သို့မဟုတ် Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် SIM Card များကို ရောင်းချခြင်းမပြုရ။

၄။ မည်သူမဆို Customer Registration ညွှန်ကြားချက်များနှင့်အညီ မှတ်ပုံတင်ထားသည့် SIM Card ကို တစ်ဆင့်လွှဲပြောင်းရာတွင် ရယူအသုံးပြုသူ၏ အချက်အလက်အမှန်ဖြင့် Customer Registration ညွှန်ကြားချက်များနှင့်အညီ ပြန်လည်မှတ်ပုံတင်ရမည်။

၅။ မည်သူမဆို အပိုဒ် ၃ နှင့် အပိုဒ် ၄ ပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရပါက ဆက်သွယ်ရေး ဥပဒေပုဒ်မ ၇၂ အရ အရေးယူခြင်းခံရမည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

# AFC Cup ပြိုင်ပွဲ အဝေးကွင်းပွဲယှဉ်ပြိုင်ရန် ရှမ်းယူနိုက်တက်အသင်း ထွက်ခွာ

**ရန်ကုန် အောက်တိုဘာ ၃**

၂၀၂၃-၂၀၂၄ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စု ဒုတိယပွဲယှဉ်ပြိုင်ရန် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် အောက်တိုဘာ ၃ ရက်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့သို့ ထွက်ခွာသွားသည်။




**လိုက်ပါသွား**

ရှမ်းယူနိုက်တက် ဘောလုံးအသင်းကို ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေက ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၀ ဦး၊ ကစားသမား ၁၉ ဦး လိုက်ပါသွားခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းတွင် ကစားသမားများအဖြစ် ဂိုးသမား-မျိုးမင်းလတ်၊ အောင်မြင့်မြတ်၊ နောက်တန်း- ကျော်ဇင်လွင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ ရဲမင်းသူ၊ အောင်ကျော်သူ၊ ဟိန်းသီဟဇော်၊ အလယ်တန်း- နန္ဒကျော်၊ သက်ပိုင်ထွေး၊ လင်းထက်စိုး၊ မျိုးကိုထွန်း၊ မတ်ခ်၊ မြတ်ကောင်းခန့်၊ စျာနေယျာသူ၊ ရဲရင့်အောင်၊ ရှေ့တန်း- ထက်ဖြိုးဝေ၊ ဘယ်လိုနှင့် မိုတို တို့ ပါဝင်ကြသည်။ ရှမ်းယူနိုက်တက်အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် အောက်တိုဘာ ၅ ရက်တွင် ကမ္ဘောဒီးယားကလပ် ဖနွမ်းပင်ခရောင်းအသင်းနှင့် အဝေးကွင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် AFC Cup ပြိုင်ပွဲ အာဆီယံဇုန် အုပ်စု (F)တွင် မက်ကာသာ (ဩစတြေးလျ)၊ ဖနွမ်းပင်ခရောင်း (ကမ္ဘောဒီးယား)၊ ဆီဘူး (ဖိလစ်ပိုင်)တို့နှင့် ကျရောက်နေသည်။ စက်တက်ဘာ ၂၀ ရက်က ကစားသည့် အုပ်စုပထမပွဲတွင် ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်းတွင် မက်ကာသာအသင်းကို သုံးဂိုးပြတ် အရှုံးနိမ့်ခဲ့ပြီး ဖနွမ်းပင်ခရောင်းအသင်းမှာမူ အဝေးကွင်းတွင် ဆီဘူးအသင်းကို သုံးဂိုးပြတ် အနိုင်ရထားသည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-SUFC**

# ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို) ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှ တစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**✻ ချယ်လ်ဆီးအသင်းမှ**

အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၈ မိနစ်မှာ မူဒရစ်နဲ့ ၁၉ မိနစ်တို့မှာ ဘရိုဂျာတို့က သွင်းယူပေးခဲ့တာဖြစ်ပြီး မူဒရစ်ရဲ့ အဲဒီသွင်းဂိုးဟာ ချယ်လ်ဆီးအသင်းအတွက် ပထမဆုံး သွင်းယူနိုင်ခဲ့တဲ့ သွင်းဂိုးလည်း ဖြစ်ပါတယ်။

မူဒရစ်ဟာ ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက ရှက်တာဒိုးနက်စ်ခ်အသင်းကနေ ချယ်လ်ဆီးအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းနဲ့ ပြောင်းရွှေ့လာခဲ့သူလည်း ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်သွင်းဂိုးကို သွင်းယူနိုင်ခဲ့တဲ့ ဘရိုဂျာဟာလည်း ၂၀၂၂ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ချယ်လ်ဆီးအသင်းနဲ့အတူ ပထမဆုံးသွင်းဂိုးကို သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ဖူလ်ဟမ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲကစားပြီးချိန်မှာ နိုင်ပွဲနှစ်ပွဲရရှိခဲ့ပြီဖြစ်ပြီး နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ ဖူလ်ဟမ်အသင်းကတော့ ချယ်လ်ဆီးအသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် ရမှတ်တူ ဂိုးကွာခြားချက်ကြောင့်သာ အမှတ်ပေးဇယား အဆင့် (၁၃) နေရာကို ဆင်းပေးခဲ့ရတာ ဖြစ်ပါတယ်။ **ငွေကြယ်**

# ကုန်သွယ်/စီးပွား

## ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေတိုးစေသည့် နေကြာသီးနှံ

**မန္တလေး အောက်တိုဘာ ၃**



မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် ဆီထွက်သီးနှံများဖြစ်သော မြေပဲနှင့် နှမ်းသီးနှံတို့ကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိပြီး နေကြာသီးနှံအား တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။ ခရိုင်အတွင်းတွင် မိုးနေကြာ စိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၂၈၉၂ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၅၂၅ ဧကနှင့် မြစ်သားမြို့နယ်တွင် ဧက ၃၆၀ စိုက်ပျိုးပြီး စုစုပေါင်းစိုက်ဧက ၄၇၇၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနေကြာစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်၂၃၀၀၀၀ ခန့် ကုန်ကျပြီး တစ်ဧကအထွက်နှုန်း အနေဖြင့် (၂၅-၃၀)တင်းအထိ ထွက်ရှိကြောင်း၊ နေကြာဈေးနှုန်းအနေဖြင့် တစ်တင်းလျှင် ငွေကျပ် ၄၅၀၀၀၊ နေကြာဆီတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ တို့ဖြင့် ရောင်းဝယ်လျက်ရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၇၀၀၀၀၀ ခန့် ရရှိသောကြောင့် တောင်သူများအနေဖြင့် ကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေတိုးသည့်အပြင် စားသုံးဆီဖူလုံမှုရရှိသဖြင့် စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

**■ အာရှအားကစားပြိုင်ပွဲမှ**

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို အောက်တိုဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဂျပန်အသင်းက ဗိုလ်လုပွဲသို့ ခုနစ်ကြိမ်မြောက်၊ မြောက်ကိုရီးယားအသင်းက ခြောက်ကြိမ်မြောက် တက်ရောက်လာခြင်း ဖြစ်သည်။ အာရှ အားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် တရုတ်နှင့် မြောက်ကိုရီးယားအသင်းက ရွှေတံဆိပ်သုံးကြိမ်စီ၊ ဂျပန်အသင်းက ရွှေတံဆိပ်နှစ်ကြိမ် ရရှိထားသည်။ ဂျပန်နှင့် မြောက်ကိုရီးယားအသင်းသည် ဗိုလ်လုပွဲအဆင့်တွင် လေးကြိမ်မြောက် တွေ့ဆုံခြင်းဖြစ်ပြီး ပြီးခဲ့သည့်သုံးကြိမ်တွင် မြောက်ကိုရီးယားအသင်းက နှစ်ကြိမ်အနိုင်ရကာ ဂျပန်အသင်းက တစ်ကြိမ်အနိုင်ရထားသည်။

**ကိုညီလေး**

**❒ ကျောဖုံးမှ**

တတိယပွဲငယ်တွင်မူ မြန်မာအသင်းသည် အမှားအယွင်းမရှိ ကစားကာ ၂၁-၁၅ မှတ်ဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းသည် ဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့သဖြင့် လက်ရှိကျင်းပနေသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးဆုတံဆိပ်ရရှိရန် သေချာသွားပြီဖြစ်သည်။

လေးယောက်တွဲ ပိုက်ကျော်ခြင်း အမျိုးသားနှင့် အမျိုးသမီးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်များကို အောက်တိုဘာ ၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအမျိုးသားအသင်းသည် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MASTAF**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၃-၁၀-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| နဝကမ္မ စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၆၆၃၁။ | ကွယ်လွန်သူ ဖခင်ကြီး ဦးဝင်းကြည်အားရည်စူး၍ ဒေါ်ကြင်ဦးနှင့်သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၆၆၃၂။ | ဗိုလ်မှူးကြီးခင်မောင်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ဝင်းကြည်မိသားစုကောင်းမှု | ၁၅၀၀၀၀၀ |
| ၆၆၃၃။ | ဗိုလ်မှူးဝင်းမောင်(ရေ)(ငြိမ်း)နှင့်ဇနီး ဒေါ်သိန်းသိန်း မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၆၆၃၄။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးခင်ဝင်းနှင့်ဇနီး ဒေါ်ဌေးဌေးရီမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၆၆၃၅။ | ဒေါ်တင်လှမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၆၆၃၆။ | ကိုစောနေမင်းလွင်မိသားစုကောင်းမှု | ၃၆၀၀၀၀ |
| ၆၆၃၇။ | ဒေါ်ကြင်မေမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၆၃၈။ | ဦးစောဆွေမောင်မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၆၃၉။ | ဦးလွှမ်းမိုးနှင့်ဇနီး ဒေါ်မြသက်ဝင်း၊ (သား) မောင်အောင်ကောင်းပြည့်၊ မောင်ဟိန်းသီဟ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၆၆၄၀။ | ဦးစောဖိုးကဲမိသားစုကောင်းမှု | ၁၇၀၀၀၀ |
| ၆၆၄၁။ | ဒေါ်ဆွေမြင့်၊ ဒေါ်ခင်အေး၊ ဒေါ်နိုင်နိုင်ဆွေတို့ ကောင်းမှု | ၁၁၀၀၀၀ |
| ၆၆၄၂။ | ကွယ်လွန်သူ မိခင် ဒေါ်ကြည်ညွန့်အားရည်စူး၍ (သား) ဦးအောင်ထိုက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၆၄၃။ | ဦးဉာဏီဇာတိသွေးမိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၆၆၄၄။ | ဦးဝင်းအောင်နှင့်ဇနီး ဒေါ်လှလှမြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၄၅။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်စိန်အေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၄၆။ | ဦးခင်မောင်ရီနှင့်ဇနီး ဒေါ်နုနုလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၄၇။ | ဦးသောင်းနှင့်ဇနီး ဒေါ်သီတာမြင့်၊ (မောင်) ကိုအောင်ချစ်၊ (သား) ကိုသန်းမင်းထိုက်၊ (သမီး) မသူဇာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၄၈။ | ဦးမင်းမောင်နှင့်ဇနီး ဒေါ်သန္တာဦး၊ (သား) မောင်အောင်ကောင်းပြည့်၊ (သမီး) မမေဇွန်၊ မအိမ့်ကြာဖြူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၄၉။ | မိဘနှစ်ပါးအားရည်စူး၍ ဒုတိယဗိုလ်မှူးကြီးအောင်သိန်းမြင့်(ငြိမ်း) နှင့်ဇနီး ဒေါ်နန်းမေသစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၀။ | ဗိုလ်ကြီးအောင်ပြည့်ဖြိုးဦးနှင့်ဇနီး ဒေါ်ခင်သန္တာလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၁။ | ဗိုလ်ကြီးမျိုးသန့်(ငြိမ်း)(မော်ကွန်းဝင်ဒုတိယဆင့်) နှင့်ဇနီး ဒေါ်သန်းကြည်တို့အားရည်စူး၍ ဦးမောင်စိုး နှင့်ဇနီး ဒေါ်မာလာညိုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၂။ | ဒေါ်သန်းရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၃။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်ကြည်ကြည်စံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၄။ | မိဘနှစ်ပါးအားရည်စူး၍ ဒေါ်နွဲ့နွဲ့ဝေ၊ ဒေါ်နွဲ့နွဲ့ရွှေတို့ ကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၅။ | ဦးမင်းဇော်နှင့်ဇနီး ဒေါ်သီသီထွေး၊ (သား) မောင်အာကာမင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၆။ | ဦးအုန်းရွှေနှင့်ဇနီး ဒေါ်စနိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၇။ | ဦးကျော်မိုးနိုင်နှင့်ဇနီး ဒေါ်အေးသီဂီဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၈။ | ကွယ်လွန်သူ ဖခင်ကြီး ဦးတင်ထွန်းနှင့် မိခင်ကြီး ဒေါ်သန်းသန်းဌေးတို့အားရည်စူး၍ (သမီး) ဒေါ်စုမြတ်ထွန်းကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၅၉။ | ဦးဇင်မင်းထွန်းနှင့်ဇနီး ဒေါက်တာနှင်းပပခိုင်၊ (သား) မောင်မင်းအောင်ခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၆၀။ | ကွယ်လွန်သူ အဘိုး ဦးအုန်းမောင်နှင့် အဘွား ဒေါ်သိန်းကြည်တို့အားရည်စူး၍ (မြေး) ဒေါ်စုမြတ်ထွန်းကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၆၁။ | ဦးချစ်စန်းမောင်အားရည်စူး၍ (၁)လပြည့်အလှူ | ၁၀၀၀၀၀ |
| ၆၆၆၂။ | ကွယ်လွန်သူ မိခင်ကြီး ဒေါ်ခင်အေးအားရည်စူး၍ ဦးစိုးလွင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၆၆၆၃။ | ဦးမောင်မောင်ကျော်နှင့်ဇနီး ဒေါ်မြင့်မြင့်အေး မိသားစုကောင်းမှု | ၉၀၀၀၀ |
| ၆၆၆၄။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဆရာလေး ဒေါ်သုမနစာရီ၊ ဒေါ်ကုသလစာရီတို့ကောင်းမှု | ၇၀၀၀၀ |
| ၆၆၆၅။ | ဦးအောင်စိုးမိုးနှင့်ဇနီး ဒေါ်မြင့်မြင့်လှ မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၆၆၆။ | ဒေါ်ရွှုမြိုင်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၆၆၆၇။ | ကွယ်လွန်သူနှစ်ဖက်သောမိဘများအားရည်စူး၍ ဒေါ်စန်းစန်းရွှေနှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၆၈။ | ဒေါ်စန်းစန်းရွှေ (သားကြီး) မောင်ငြိမ်းဝေယံထက်၊ (သားငယ်) မောင်ဝေဖြိုးအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၆၉။ | ဖခင် ဦးကြည်ရွှေနှင့် မိခင် ဒေါ်အုန်းရှင်တို့အားရည်စူး၍ (သမီး) မနန်းဦးကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၀။ | ဦးသက်ဦးမောင်နှင့်ဇနီး ဒေါ်ရှုပလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၁။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်တင်တင်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၂။ | ဒေါ်တင်တင်နုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၃။ | ဦးမျိုးခိုင်နှင့်ဇနီး ဒေါ်ခင်မာကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၄။ | ဦးကျော်စွာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၅။ | ဒေါ်အေးအေးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၆။ | ဖခင် ဦးကျော်တင့်အားရည်စူး၍ ဒေါ်ခင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၇။ | ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာဦးတင်ဝင်းမောင် အားရည်စူး၍ (သမီး) ဒေါ်ဉမ္မာဖြိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၈။ | ဦးခင်မောင်ဝင်းနှင့်ဇနီး ဒေါ်မူမူမြင့်၊ (သမီး) မဆုနန္ဒာဝင်း၊ မမြတ်သန္တာခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၇၉။ | ဦးအောင်ဖေနှင့်ဇနီး ဒေါ်ဌေးဌေးအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၈၀။ | ကွယ်လွန်သူ ဦးဇော်ဇော်လတ်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၈၁။ | ဦးမိုးဇေယျနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ (သမီး) မမေသင်းခိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၈၂။ | ဦးခင်မောင်လွင်နှင့်ဇနီး ဒေါ်သန္တာဝင်း၊ (သမီး) မအိမ့်မှူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၆၆၈၃။ | ကွယ်လွန်သူမိဘများအားရည်စူး၍ ဦးစိန်ဘန်း နှင့်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(င)၊ မြေကွက်အမှတ်(၁၀၀၇/က)၊ (၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ-အမှတ်(၁၀၀၇/က)၊ ဝဇီရာ (၇)လမ်း၊ (င)ရပ်ကွက်၊ ဦးသိန်းမြင့်(N/OKA-046543) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်ကိုယ်တိုင်မှ (၂၀၁၁)ခုနှစ်က အရောင်းမြေပုံကူး အမှုတွဲ ပျောက်ထားခဲ့သော်လည်း မြေပုံမြေရာဇဝင်မူရင်းအား ထုတ်ယူခဲ့ခြင်းလုံးဝမရှိပါကြောင်း၊ မြေကွက်နှင့်ပတ်သက်၍ အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံတင်သွင်းထားခြင်း လုံးဝမရှိပါကြောင်း၊ အရှုပ်အရှင်းပြဿနာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်-၆၂၉/၂၀၂၃ (၂၂-၅-၂၀၂၃) ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဦးသိန်းမြင့်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၂၄၈/၂၃ (၅-၁-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်နီလာထွေး [၁၂/လကန(နိုင်) ၁၇၁၄၄၆]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း၊ ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆို ရန် မြေပုံကူးပျောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ဒေါ်အေးသက်မြင့် [၁၂/ဒလန(နိုင်)၀၄၅၅၄၈] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် (MA 262943)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-773307036**

### မိခင်အမည်မှန်

ကမာရွတ်မြို့နယ်၊ အထက (၅) G-10(B)မှ မောင်သူရစိုး၏ မိခင်အမည်မှန်မှာ ဒေါ်သင်းသင်းအေး [၁၄/ဖပန(နိုင်) ၁၀၁၄၂၅]ဖြစ်ပါသည်။

**ဒေါ်သင်းသင်းအေး**

### အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အ.ထ.က(၃) ကျောင်း Grade-5 မှ (ဘ) ဦးထွန်းထွန်းသိန်း၏ သမီး မသဒ္ဒါဆွေ၏ အမည်မှန်မှာ မသဒ္ဒါဆွေ ဖြစ်ပါကြောင်း။

**မသဒ္ဒါဆွေ**

# မြတ်ဗောဓိ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

**40USD လျှော့ပေးမည့် November လခရီးစဉ်များနှင့်ကျန်လခရီးစဉ်များ 20USD လျှော့ပေးပါမည်**

"သာသနာပြုခရီးသည်များစိတ်ချမ်းမြေ့စွာဘုရားဖူးဖို့မြတ်ဗောဓိသာရွေးချယ်စို့" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မြတ်ဗောဓိ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့၏ ၂၀၂၃-၂၀၂၄ခုနှစ်၊ဘုရားဖူးရာသီ အတွက်ခရီးစဉ်များကိုစိတ်ကြိုက်ရွေးချယ်နိုင်ပါသည်။ရန်ကုန်မှ အိန္ဒိယနိုင်ငံဂယာလေဆိပ်သို့တိုက်ရိုက်သွားရောက်ဘုရားဖူးမျှော်ပြီးအိန္ဒိယနိုင်ငံဂယာလေဆိပ်မှရန်ကုန်လေဆိပ်သို့တိုက်ရိုက် ပြန်ရောက်မည့်ခရီးစဉ်ဖြစ်ပါသည်။

၁၅ရက် – သံဝေဇနီယ(၄)ဌာန၊အဝိဇဟိတ(၄)ဌာန၊ကောသမ္ဗီ၊အာဂရာ(တပ်ချ်မဟာ)၊နယူးဒေလီ(ဓာတ်တော်တိုက်)နှင့် Askhardham Temple ဝေသာလီ၊ရာဇဂြိုလ်၊နာလန္ဒာ(နေရာစုံ) ( 900USD + ၂ သိန်းကျပ် )
NOV - 3,23 (တန်ဆောင်တိုင်)၊ DEC - 7,24 / JAN - 11 / FEB - 4,22 / MAR - 7 / APR - 6 ( သင်္ကြန် )

၁၂ရက် – သံဝေဇနီယ(၄)ဌာန၊အဝိဇဟိတ(၄)ဌာန၊ ဝေသာလီ၊ရာဇဂြိုလ်၊နာလန္ဒာ(ဘုရားဌာနစုံ) ( 900USD )
( DEC - 10 / FEB - 11 / MAR - 16 )

၉ရက် – သံဝေဇနီယ(၄)ဌာန၊အဝိဇဟိတ(၃)ဌာန၊ ဝေသာလီ၊ရာဇဂြိုလ်၊နာလန္ဒာ ( 790USD )
( NOV - 23 (တန်ဆောင်တိုင်) ၊ FEB - 2 / MAR - 7 / APR - 6 သင်္ကြန် )

၅ရက် – ဗုဒ္ဓဂယာ၊ဗာရာဏသီ(ဂင်္ဂါမြစ်)၊ရာဇဂြိုလ်၊နာလန္ဒာ ( 630USD )
( DEC - 2,24,31 / FEB - 27 / MAR - 17 / APR -6 သင်္ကြန် )

၄ရက် – ဗုဒ္ဓဂယာ၊ရာဇဂြိုလ်၊နာလန္ဒာ ( 550USD ) ( DEC - 20,31 / FEB - 21 / MAR - 22 )

➤➤➤ မှတ်ချက်–(၁၆)ဦး တစ်ဖွဲ့လျှင် (၁)ဦး အခမဲ့ လိုက်ပါခွင့်ရှိပါသည်။

ရန်ကုန်ရုံးချုပ် ။ ။ အမှတ်(၁၃၃၊၁၃၅၊၁၃၇)၊အခန်း၃/ အေ၊လမ်း၄၀၊ကုန်သည်လမ်းနှင့်မဟာဗန္ဓုလလမ်းကြား၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။ PH: 09 420134528 , 09 263125261

မန္တလေး ။ ။ PH: 09 797359377 , 09 797351099 , 09 43128296


## ဦးကျော်သန်း (ခ) မုဟမ္မဒ်ဘီလာလ်နှင့် အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂၆)လမ်း၊ အမှတ်(၃၈)နေ ဒေါ်မြင့်မြင့်ဆွေ(ခ) အာအေရှာဘီ [၁၂/ပဘတ(နိုင်)၀၁၈၇၅၂] ကိုင်ဆောင်သူနှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျောင်းရှေ့ရပ်ကွက်၊ ရွှေဘိုလမ်းနှင့် စမ်းသီတာလမ်းထောင့်၊ ဦးပိုင်အမှတ်(၁၀၈)/မြေကွက်အမှတ်(၂၉၅/၄၄၃)၊ အခန်း အမှတ် (၆/၁)၊ ရ.က.က(၅) အပေါ်ဆုံးထပ်နေ ဦးကျော်သန်း (ခ) မုဟမ္မဒ် ဘီလာလ် [၉/မနမ(နိုင်)၀၉၁၆၉၃] ကိုင်ဆောင်သူတို့သည် (၂-၁၁-၁၉၉၀)ရက်နေ့တွင် နေကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ပြီး သား(၁)ဦးထွန်းကားခဲ့ပါသည်။ နောက်ပိုင်းတွင် ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်း၊ တာဝန်ယူမှု/တာဝန်ခံမှုမရှိခြင်း၊ မည်သည့်အထောက်အပံ့၊ အဆက်အသွယ်မရှိခဲ့ခြင်းတို့ကြောင့် အိမ်ထောင်ရေးကိစ္စနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းထံ လျှောက်ထားခဲ့ပြီး အဆိုပါ ဘာသာရေးအဖွဲ့အစည်း၏ ဓမ္မသတ်ဌာနထံမှ အစ္စလာမ့်တရား ဥပဒေဖသဃဝါဓမ္မသတ် ဆုံးဖြတ်ချက်ရယူခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ ဓမ္မသတ်အရ (၁-၁-၂၀၂၃)ရက်နေ့တွင် (သွလာကေဗာအင်န်) တစ်ကြိမ်ကို တရားတော်နှင့်အညီ အတည်ပြုခံယူခဲ့ပြီးဖြစ်ရာ ခင်ပွန်းအဖြစ်မှ အပြီးအပြတ် ကွာရှင်းပြတ်စဲကြောင်း မြွက်ဟကြေညာပြီးဖြစ်၍ ဦးကျော်သန်း (ခ) မုဟမ္မဒ်ဘီလာလ် နှင့် ဒေါ်မြင့်မြင့်ဆွေ (ခ) အာအေရှာဘီတို့သည် မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်မြင့်မြင့်ဆွေ(ခ)အာအေရှာဘီ** | **ဦးမြတ်သန်းဦး** |
| **[၁၂/ပဘတ(နိုင်)၀၁၈၇၅၂]** | **[B.A(Eco:)H.G.P, D-A(1)]** |
| **အမှတ်(၃၈)၊ (၂၆)လမ်း၊** | **အထက်တန်းရှေ့နေ(စဉ်–၁၀၂၂၀)** |
| **(၁)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| **ရန်ကုန်မြို့။** | **ရန်ကုန်မြို့။ ၀၉–၇၈၃၅၄၂၉၀၀** |

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ ပျဉ်းမမြိုင်လမ်း၊ မြေကွက်အမှတ်(၉၂၅) ဟုခေါ်တွင်သော (၄၂ x ၆၀)ပေ၊ (၂၅၂၀)စတုရန်းပေ (၀. ၀၅၈)ဧက အကျယ်ရှိ နှစ်(၆၀)မြေငှား ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်ခင်သက်လွင်[၁၄/ပသန(နိုင်)၀၀၁၆၀၄]က ဂရန်အမည်ပေါက် လက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့အဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်+ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA(Business Law)** | **LL.B(စဉ်–၅၀၅၉၅)** |
| **ဖုန်း–၀၉–၄၃၀၉၄၆၇၂** | **ဖုန်း–၀၉–၇၉၉၈၉၀၄၉၂** |

**တိုက်(၁၄)၊ အခန်း (B–1 / B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန် အသိပေးကြေညာချက်

လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ်–၀၂၂၇/၂၀၁၆ (အမြဲတမ်း) ဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော မျှဝေရှင်လန်းခြင်းအသင်းသည် ယခုအခါတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ၁၇-၈-၂၀၂၃ ရက်စွဲပါ စာအမှတ်၊ ကက–၁/၆ (၄၆၃/၂၀၂၃) အရ FINMATE Microfinance Company Limited အဖြစ် ပြောင်းလဲဖွဲ့စည်းပြီး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အမှတ်–၀၁၄၃/၂၀၂၃ (ယာယီ)အား ရရှိခဲ့ပါသည်။

သို့ဖြစ်ပါ၍ မျှဝေရှင်လန်းခြင်းအသင်း၏ လုပ်ငန်းလိုင်စင်အမှတ်–၀၂၂၇/၂၀၁၆(အမြဲတမ်း)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ ပြန်လည်ပေးအပ်ပြီးနောက် မျှဝေရှင်လန်းခြင်းအသင်း၏ ရပိုင်ခွင့်၊ ပေးရန်တာဝန်နှင့် ပိုင်ဆိုင်မှုများကို FINMATE Microfinance Company Limited အား လွှဲပြောင်းပေးအပ်ပြီး အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အပြောင်းအလဲတစ်စုံတစ်ရာမရှိ ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် သက်ဆိုင်ရာအသင်းသားများ၊ မြီစား၊ မြီရှင်စသည်တို့အနေဖြင့် ရရန်ရှိ/ပေးရန်ရှိများနှင့် ပတ်သက်၍ လုပ်ငန်းများဆက်လက်ဆောင်ရွက်ရန်နှင့် အခြားသိရှိလိုသည်များ မေးမြန်းလိုပါက FINMATE Microfinance Company Limited သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**FINMATE Microfinance Company Limited**

**အမှတ်–၁၄၂ (ဘီ)၊ ဂန္ဓမာလမ်း၊ ခရေပင်ရိပ်မွန် (၂)၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း– ၀၉–၉၆၈၃၆၀၂၂၁၊ ၀၉–၇၇၀၇၄၈၇၉၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

**ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇F)၊ လူနေရပ်ကွက်အမှတ် – နံ့သာကုန်း၊ မြေကွက်အမှတ် – ၆/ဃ၅၊ မြေအမျိုးအစား – မြေပိုင်မြေ (လ/န ၃၉ ရပြီး )၊ ဧရိယာ(၀. ၈၈၃) ဧကရှိ ဒေါ်မော်မော်လွင် ( WMDY – 340858) [၁၂/မဂတ(နိုင်)၀၆၈၈၄၅]အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်**တို့အား တရားဝင်အမည်ပေါက် ပိုင်ဆိုင်ပြီး မည်သူ့ကိုမဆို လွတ်လပ်စွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ် ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium၊**
**အမှတ် (၃၃/၄၉)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၄)ရှိ Hall ၈ထပ်တိုက်၏ (၆)လွှာ (၂၃/၂၅ ပေ x ၄၀/၅၀ ပေ)ခန့်ရှိ အများသုံး ဓာတ်လှေကားပါဝင်သည့် ဆောက်လက်စတိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်စန္ဒာရည် [၁၂/စခန(နိုင်) ၀၄၃၇၂၅]+ ဒေါ်သင်းသင်းရည် [၁၂/စခန(နိုင်)၀၄၃၄၁၉] တို့ထံမှ ဦးကျော်ကျော်ဝင်း [၉/မထန(နိုင်) ၁၈၈၇၉၂]+ဒေါ်ဝါနိုတ်ငွေး [၅/တမန(နိုင်) ၀၆၆၈၃၉] တို့က အပြီး အပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ သုခမိန်လမ်း၊ အမှတ်(၁၉)ရှိ ၂ခန်းတွဲ၊ ဟောင်ကောင်(၃) ထပ်(ထပ်ခိုးပါ ၆လွှာ) တိုက်၏ ဒုတိယထပ်(၃လွှာ) (ထပ်ခိုးတစ်ဝက်ပါ) ခြေရင်းခန်း (၁၂ ၁/၂ ပေ x ၅၀ပေ)ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်နီနီဝင်း[၇/သနပ(နိုင်) ၀၆၁၇၀၉] ထံမှ ဒေါ်မင်းမင်းမြတ် [၁၂/လသယ(နိုင်) ၀၃၇၈၆၂] က အပြီး အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊စမ်းချောင်းမြို့နယ်။ Ph: 09-767772099,09-774597373,09-767779901**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းဦး[၇/ပတန(နိုင်)၁၀၉၈၂၃]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–763602937**

## အမှားပြင်ဆင်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင်ထုတ်ဝေသော ကြေးမုံသတင်းစာ၏ စာမျက်နှာ(၂၈)တွင် "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်"၌ တရားလွှတ်တော်ရှေ့နေ ဦးလင်းဘုန်းမြတ်၏ တရားလွှတ်တော်ရှေ့နေ အမှတ်စဉ် – ၅၄၇၃၈ဟု မှားယွင်းဖော်ပြရေးသားမိပါသဖြင့် တရားလွှတ်တော်ရှေ့နေ အမှတ်စဉ်အမှန်မှာ–၁၇၃၈၁ ဖြစ်ပါကြောင်း အမှားပြင်ဆင် ဖော်ပြအပ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –တိုးချဲ့ပေါက်တော၊ မြေကွက်အမှတ်–၁၃၃၊ ဧရိယာ (၀.၀၅၅)ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၃၃)၊ ဘုရင့်နောင်ရိပ်သာလမ်းသွယ်(၅)လမ်း၊ မြို့သစ်(ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ် (၁) ဒေါ်ဟိုင်ငွတ်ဟုံ[၁၂/လသန(နိုင်)၀၀၃၉၂၅]၊ (၂) ဦးဟိုင်ငုတ်လုံ [၁၂/လသန(နိုင်)၀၁၈၈၅၂]၊ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ဟိုင်ငွတ်ဟုံ[၁၂/လသန(နိုင်)၀၀၃၉၂၅]သည် (၂၇-၁-၂၀၁၄)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် အမွေစားအမွေခံကိတ္တိမသားသမီးမွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်ခဲ့သဖြင့် (၁) ဦးဟိုင်ငုတ်ချွန် (ခ) ဦးစိန်ချွန် [၁၂/လသန(နိုင်)၀၁၈၅၆၅]၊ (၂) ဦးဟိုင်ငုတ်လုံ (ခ) ဟိုင်ငွန်လုံ [၁၂/လသန(နိုင်)၀၁၈၈၅၂] (ပူးတွဲအမည်ပေါက် )တို့မှ ၎င်း၏ အစ်မအရင်းဖြစ်သူ ဒေါ်ဟိုင်ငွတ်ဟုံသည် (၂၇-၁-၂၀၁၄)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် အမွေစားအမွေခံကိတ္တိမသားသမီးမွေးစားထားခဲ့ခြင်းမရှိဘဲ ကွယ်လွန်သွားခဲ့ပါကြောင်း၊ ကွယ်လွန်သူ ဒေါ်ဟိုင်ငွတ်ဟုံတွင် မွေးချင်းအရင်းများအဖြစ် မောင်အရင်းများဖြစ်ကြသော ယခုကျမ်းကျိန်ဆိုသူ ၎င်းတို့ညီအစ်ကို(၂)ဦးသာ ရှိကြောင်းနှင့် အခြားသော ညီအစ်မ / မောင်နှမ အရင်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ကွယ်လွန်သူ ဒေါ်ဟိုင်ငွတ်ဟုံနှင့် မိမိတို့(၂)ဦးသည် ဖခင်ဖြစ်သူ ဟိုစန်ချောင်(ခ)ဦးမောင်မောင်နှင့် မိခင်ဖြစ်သူ အိန်ဟောက်ကျန် (ခ) ဒေါ်ခင်တို့မှ မွေးဖွားထွန်းကားသော တစ်အူထုံ့ဆင်းမောင်နှမ အရင်းများဖြစ်ကြောင်း၊ မိဘများတွင် မိမိတို့မောင်နှမ(၃)ဦးမှလွဲ၍ အခြားသော သားသမီး တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ အမွေစားအမွေခံသားသမီးများလည်းမွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း အဆိုပါ မြေကွက်အနက်မှ အစ်မဖြစ်သူ ဒေါ်ဟိုင်ငွတ်ဟုံ၏ ပိုင်ဆိုင်ခွင့်အစုအား ၎င်းတို့ နှစ်ဦးကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ပိုင်ဆိုင်ကြောင်း၊ အခြားအမွေဆက်ခံသူတစ်ဦးတစ် ယောက်မျှမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ အမှတ် –၁၉၈/၂၀၂၃(၁-၆-၂၀၂၃)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်၊ နှစ်(၆၀)ဂရန်၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ဖိတ်ကြားလွှာ

Dishang Group (Myanmar) Co.,Ltd ၏ စက်ရုံများ တည်ဆောက်ခြင်းနှင့် ၎ားရမ်းခြင်းလုပ်ငန်းအတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာကို ပတ်ဝန်းကျင် အကြံပေးအဖွဲ့ဖြစ်သော Myanwei Environmental Solutions Co.,Ltd. နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအတွက် စီမံကိန်း သက်ဆိုင်သူများနှင့် တွေ့ဆုံဆွေးနွေးခြင်း (Stakeholder Meeting) အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၆ ရက် (သောကြာနေ့)တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ အကြံပေး ဆွေးနွေးလိုပါက Office: (+95) 9777922169, (+95) 9777929885 Mobile: (+95) 9421137569; Website: www.myanweiconsulting.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**Myanwei Environmental Solutions Co., Ltd.**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ ပိုးတုန်းစမ်းကျေးရွာ၊ သဲလမ်း၊ အမှတ်(၂၁)၊ ဘုရားကုန်း ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၆၉)၊ သဲဖြူကွင်း၊ ဦးပိုင်အမှတ် (၄၀/က/၂) ဒေါ်ဆောင်းတင် ပြေစာ၏ ဧရိယာ(၁.၃၁)အတွင်းမှ ဒေါ်မိုးဝါဝါအောင် [၁၄/လပတ(နိုင်)၁၂၆၇၂၉]ကိုင်ဆောင်သူက တရားဝင်လက်ဝယ်ယူပိုင်ဆိုင်ခဲ့သည့် မြေ (၁၇ပေx၉၅ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို ရောင်းချရန် ကမ်းလှမ်းထားသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းဝင်းက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့် ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း) စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဝင်း၏ ညွှန်ကြားချက်အရ**
**ဦးမြတ်သန်းဦး [B.A(Eco:) H. G.P, D–A(1)]**
**အထက်တန်းရှေ့နေ (စဉ် – ၁၀၂၂၀)**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၃၅၄၂၉၀၀**

## ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရန်ကင်းလမ်း၊ Golden City Condominium, Block 4 ၏ (၂၁)လွှာရှိ အခန်းအမှတ်(၂၁–၀၃) (သို့မဟုတ်) (Unit No– B4–21–03) (၁၆၅၀.၄၃၈/ပေ) အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိပိုင်ဆိုင်သူ ဦးဟိန်းသန့် [၁၂/ဗတထ(နိုင်) ၀၃၂၇၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်စောဦး တရားလွှတ်တော်ရှေ့နေ(စဉ်– ၆၇၀၂)**
**တိုက်အမှတ်– ၂၁၄၊ Min Ye Kyaw Swar Residence, အခန်း– ၂၀၂၊**
**မင်းရဲကျော်စွာလမ်း၊ လမ်းတော်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ယဉ်နု(AA–၀၅၄၈၈၀)၊ ဒေါ်ဝင်းရီ(TME–၀၁၀၉၅၃)၊ ဦးကျော်မင်းထွန်း[၁၄/ဖပန(နိုင်)၀၉၉၀၂၂]တို့နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ဝေဖြိုး[၁၄/တတန(နိုင်)၁၆၀၈၈၄]နှင့် ဒေါ်စုလတ်ကျော်[၁၄/တတန(နိုင်)၁၆၇၀၄၆] ကိုင်ဆောင်သူ၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေများသည် ဒေါ်ယဉ်နုအမည်ဖြင့် နှစ်(၆၀)ဂရန်အမည်ပေါက်မြေကွက်ဖြစ်သော ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၉/B၊ လူနေရပ်ကွက်အမှတ်–၃၉/B ရပ်ကွက်၊ အကောက်အခွန်(၅)လမ်း၊ မြေကွက်အမှတ်(၁၂၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃–၁၁–၂၀၁၁)ရက်က ဦးကျော်မင်းထွန်းထံမှ နှစ်ဦးသဘောတူအိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆိုဝယ်ယူကာ ကျွန်ုပ်မိတ်ဆွေများမှ လက်ဝယ်ရရှိပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေအား (၃၀–၁၂–၁၉၉၃)ရက်စွဲပါ စာချုပ်အရ ဒေါ်ယဉ်နုမှ ဒေါ်ဝင်းရီထံသို့လည်းကောင်း၊ (၄–၄–၂၀၀၇)ရက်စွဲပါစာချုပ်အရ ဒေါ်ဝင်းရီမှ ဦးကျော်မင်းထွန်းထံသို့လည်းကောင်း ရောင်းချခဲ့သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများသည် ဦးကျော်မင်းထွန်းထံမှ တစ်ဆင့်ဝယ်ယူခဲ့ရခြင်းဖြစ်ပါသည်။ ယခုအခါ အထက်ပါ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေတို့၏ အမည်ပေါက်ဆောင်ရွက်ရန် လိုအပ်လာပါသဖြင့် ထိုသို့ဆောင်ရွက်နိုင်ရန် ယင်းအိမ်ခြံမြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ်ကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ချုပ်ဆိုပေးပါရန်နှင့် ထိုသို့ဆောင်ရွက်ပေးခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေတို့သည် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးကျော်ဝေဖြိုး၊ ဒေါ်စုလတ်ကျော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မော်မော်မြင့်(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၃၃)**
**အမှတ်–၈၄၆၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၅၀၅၉၈၆၂၄၊ ၀၉–၂၅၃၅၆၀၀၇၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ မြို့မ – ၄ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်–၁/လင်းဇင်း ၊ ဦးပိုင်အမှတ် /မြေကွက်အမှတ် – ၂၀/၂၆၊ ပိုင်ဆိုင်ခွင့်(L)၊ မြေမျိုးနှင့်အတန်း– မြို့မြေ၊ ဧရိယာ(၀. ၀၅၂) ဧကရှိ ဒေါ်နွယ်နွယ်ဦး အမည်ပေါက်မြေကွက်နှင့် မြေကွက်ပေါ်ရှိ ရွှေကျေးတိုက်၊ ပထမလမ်းမတော်လမ်း၊ လင်းဇင်းရပ်၊ မိတ္ထီလာမြို့ဟုခေါ်တွင်သော အဆောက်အဦအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး မည်သူ့ကိုမဆို လွှတ်လပ်စွာဖြင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း တင်ပြဝန်ခံသူ ဒေါ်နွယ်နွယ်ဦး [၉/မမန(နိုင်)၀၆၆၆၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန် အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅)၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၅၀၀၃၉၂၁၀၊ ၀၉–၅၀၃၄၆၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်း(၁)ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်(၃၁/ပေါင်းလောင်း–၁)၊ မြေကွက်အမှတ်(၆၄/၁၂၀)၊ အကျယ်အဝန်း(၀.၀၅၅ဧကေ)ရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသော်ဇင်လင်း [၈/ရနခ(နိုင်)၀၉၂၆၄၇]၊ ဒေါ်အိအိပို[၉/မမန(နိုင်)၀၈၇၈၀၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇာနည်လှိုင် [၁၄/ဓနဖ(နိုင်)၀၉၁၀၂၆]၊ ဒေါ်အေးပပလှိုင်[၉/မထလ(နိုင်)၂၂၁၀၆၃]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည် အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည် အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

**ဦးဇာနည်လှိုင်နှင့် ဒေါ်အေးပပလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော်(Star City)**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–450023651,09–793568375**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်ဇေယျလမ်းနှင့် မိုးကောင်းလမ်းထောင့် ၊ အမှတ်(၁၁၂)၊ ရွှေမိုးကောင်းကွန်ဒိုမှတိုက်အမှတ်(E)၊ အခန်းအမှတ်(၈၀၄)၊ (၈)လွှာ၊ ဧရိယာ(၁၈၀၇)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ Great master construction Co., Ltd (ကိုယ်စား)ဥက္ကဋ္ဌ ဦးတုံချန်တာ [၁၃/လရန(နိုင်)၀၈၃၄၆၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဒေါ်ယုယုနိုင် [၁၂/အလန(နိုင်)၀၄၄၉၃၉]မှအပြီးအပြတ်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ယုယုနိုင်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၆၆၄)**
**အမှတ်(၁၄)၊ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊**
**သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09–450023651,09–793568375**

## ကိုလွင်ကို (ခ) မုဟမ္မဒ် စအီဒွလ္လာဟ်နှင့် အများသိစေရန်

ရောဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ သီရိဟေမာရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၁)နေ ဟာဂျီ ဦးလှစိုး၏ သမီးဖြစ်သူ မစိုးဟေမာန်ကို (ခ) အွတ်မေဟာဘီဘားဘီနှင့် ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ နွယ်နီ(၄)လမ်း၊ အမှတ်(၅၆၃/၃–လွှာ)နေ ဦးစွဗ်ဟမ်း၏ သားဖြစ်သူ ကိုလွင်ကို (ခ) မုဟမ္မဒ်စအီဒွလ္လာဟ်တို့သည် (၁၂–၈–၂၀၂၂)ရက်နေ့တွင် နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး သား–သမီး ထွန်းကားခဲ့ခြင်းမရှိပါ။ နောက်ပိုင်းတွင် ခင်ပွန်းဖြစ်သူမှ ဇနီးဖြစ်သူအား တာဝန်ယူမှု/တာဝန်ခံမှုမရှိခြင်းတို့ကြောင့် အိမ်ထောင်ရေးကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းထံ လျှောက်ထားခဲ့ပြီး နှစ်ဦးနှစ်ဖက်တွေ့ဆုံခဲ့ပြီးနောက် နှစ်ဦးနှစ်ဖက်တောင်းဆိုမှု ဆန္ဒအရ (၂–၁၀– ၂၀၂၃) ရက်နေ့တွင် ကိုလွင်ကို (ခ) မုဟမ္မဒ် စအီဒွလ္လာဟ်က မစိုးဟေမာန်ကို (ခ) အွတ်မေဟာဘီဘားဘီအား (သွလာကေဗာအင်န်) ပေးခြင်းဖြင့် လင်–မယားအဖြစ်မှ အပြီးအပြတ်အပြီးတိုင် ကွာရှင်းပြတ်စဲလိုက်ပြီးဖြစ်ပါသည်။ သို့ပါ၍ ထိုနေ့မှစပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **မစိုးဟေမာန်ကို (ခ) အွတ်မေဟာဘီဘားဘီ** | **ဦးမြတ်သန်းဦး** |
| **အမှတ်(၂၁)၊ ယုဇနလမ်း၊** | **[B.A(Eco:)H.G.P,D–A(1)]** |
| **သီရိဟေမာရပ်ကွက်၊ ကျုံမငေးမြို့၊** | **အထက်တန်းရှေ့နေ(စဉ်–၁၀၂၂၀)** |
| **ဝါးခယ်မမြို့နယ်၊ ရောဝတီတိုင်းဒေသကြီး။** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊** |
| | **ရန်ကုန်မြို့။ ၀၉–၇၈၃၅၄၂၉၀၀** |

## ဒေါ်တင်ဝင်း (ဗိုလ်ကြီး–ငြိမ်း) AD – ၀၅၃၀၉၇ သိရှိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၀၊ လူနေရပ်ကွက်အမှတ် (ရွှေပေါက်ကံ)၊ မြေကွက်အမှတ် – ၁၁၄၊ ဧရိယာ (အလျား ၄၀' x အနံ ၆၀') ရှိ နှစ် (၆၀) ဂရန်မြေနှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို (၉–၇–၂၀၁၃) ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်အရ ဝယ်ယူလက်ဝယ်ထားရှိခဲ့ပြီး ယခုအခါ အဆိုပါ အိမ်မြေအား တရားဝင် မှတ်ပုံတင်စာချုပ် ချုပ်ဆိုမည်ဖြစ်ပါ၍ အထက်အမည်ပါသူမှ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း အိမ်မြေဝယ်ယူထားသူဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးပွင့်ဖြူထံသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ဆက်သွယ်ပြီး ရောင်းသူအဖြစ် ဆောင်ရွက်ပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမိုးဇော်ဦး(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၉၈၅/၁၃)**
အမှတ်–၂၂၇၊ အခန်း (၆)၊ ပထမထပ်၊ **MTM Group Condominium** ၊
ဆိပ်ကမ်းသာလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်။
ဖုန်း – ၀၉–၇၃၀၇၁၄၄၇၊ ၀၉–၂၉၄၂၀၁၂၁၂၊ ၀၉–၇၉၈၆၀၂၆၄၆

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မခိုင်မျိုးမြတ်[၁၂/ဒဂတ(နိုင်)၀၂၂၂၅၁]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ် A366737 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–798836212**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ–၂၈)၊ ဦးပိုင်အမှတ် ၈(ခဲစင်း)၊ ၄၁ လမ်းမျက်နှာပြု၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးနေလင်း၊ ဦးကျော်ခိုင်၊ ဦးလူမင်းရှိန်၊ ဦးဇော်ရဲထက်၊ ဒေါ်ချစ်ဆုဆုဝေတို့(၅)ဦးအနက် ဦးနေလင်းပါ(၃)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၇၄၁/၂၀၂၃) ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးဇော်ရဲထက်[၉/ခမစ(နိုင်)၀၃၆၅၈၁]၊ ဒေါ်ချစ်ဆုဆုဝေ[၉/ခမစ(နိုင်)၀၃၆၇၆၅]တို့က အမှုတွဲအမှတ်–၄၆၄၅/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုး/ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်–၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ–၃)၊ ဦးပိုင်အမှတ်(၂၀၉)၊ ၆၂.A လမ်း၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ ဦးမောင်မောင် အမည်ပေါက်ဂရန် မြေကွက်အား (ဖခင်)ဦးမောင်မောင်၊ (မိခင်)ဒေါ်လှအေးတို့ ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၅၁၉/၂၀၂၂)ဖြင့် အမွေဆက်ခံခဲ့သည့် သား၊ သမီးများဖြစ်သော ဦးကျော်ဇော၊ ဒေါ်နွယ်နီအုန်း၊ ဒေါ်လှမြတ်မော်၊ ဒေါ်မီမီသော်၊ ဒေါ်မိမိမော်၊ ဒေါ်ဖြူဖြူသော်တို့၏(SP ရသူ ဦးအောင်ကြီး) တို့ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၇၈၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူဒေါ်ဆွေဆွေလင်း(ခ) ဒေါ်ကျူခေါင် [၁၃/နခန(နိုင်)၀၆၄၅၃၀]က ၎င်းကိုယ်တိုင်နှင့် ဒေါ်ကျူဖန်[၁၃/မဆတ(နိုင်)၀၁၈၂၉၉]၏(GP ရသူ ဒေါ်ဆွေဆွေလင်း(ခ)ကျူခေါင်)တို့က အမှုတွဲအမှတ်–၄၆၄၈/၂၀၂၃–၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ–၈)၊ ဦးပိုင်အမှတ်(၁၄၂)၊ ၆၅ x ၆၇ လမ်းကြား၊ ၁၁၆ x ၁၁၇ လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးစံလင်း(ခ) ဦးစန်လင်းကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၁၈၃/၂၀၂၃) ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်သန်းသန်းဆင့်[၉/မတရ(နိုင်)၀၅၄၉၈၁]၏ (GP ရသူ ဦးထွန်းထွန်းဝင်း)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ်–၄၆၆၀/၂၀၂၃–၂၀၂၄ ဖြင့် တောမှမြို့ပြောင်း/သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## “တိုက်ခန်းပိုင်ဆိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၁၀/၆၄) နေ ဒေါ်နွယ်နီလှိုင် [၁၂/မဂတ(နိုင်)၀၈၀၄၁၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(၉/၁၃၃)၏ (၃)ခန်းတွဲ (၅)ထပ်တိုက်ရှိ(မြေညီထပ်)၊ အခန်းအမှတ်(စီ)၊ အကျယ်အဝန်း(၃၆x၆၀)ပေ ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို(၂၉–၉–၂၀၂၃)နေ့မှစ၍ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နီလာရွှေ LL.B (ADVOCATE) (H.R.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၀၄၉/၁၃)**
**ဖုန်း – ၀၉–၄၃၁၅၇၁၃၈**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ကျောက်မျက်ရတနာလမ်း၊ မြေကွက်အမှတ်(၁၀၇၄)၊ အကျယ်အဝန်း (အလျား ၄၀ပေ x အနံ ၆၀ပေ) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (အလျား ၁၀ပေx အနံ ၆၀ပေ)ရှိ ဦးရွှေဝင်း အမည်ပေါက် ပါမစ်မြေကွက် (မူရင်းခြမ်း)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအားလုံးကို တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဆွေ [၉/မလန(နိုင်)၁၂၅၅၄၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျင်စု [၁၂/သဃက(နိုင်)၀၇၈၀၅၆]က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားမှုအရ**
**ဦးပြည့်ဖြိုးသူ (LL.B) အထက်တန်းရှေ့နေ(စဉ်–၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း –၀၉–၄၂၂၄၄၉၈၆၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ပုဗ္ဗသီရိရပ်)၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အမှတ်(ပ–၃၁၂၇၁)ကို အမည်ပေါက် ဦးမောင်မောင်ဝင်း(ဘ)ဦးမြိုင်[၉/မရမ(နိုင်)၀၂၀၅၀၆](ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်း(ဘ) ဦးသာထွန်းမှ မြေပေးစလစ်(မူရင်း) ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏သေဆုံးမှုလက်မှတ်၊ မြေပေးစလစ်ပျောက်ဆုံးကြောင်းနှင့် အမွေခံဇနီးမှန်ကန်ကြောင်းတရားရုံးကျမ်းကျိန်လွှာ၊ မြေကွက်ဖိုးငွေသွင်းချလန်၊ မြေပြင်အခြေအနေပြဓာတ်ပုံတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၃၀)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၆၀၆)၊ မြေအကျယ်အဝန်း ဧရိယာ (၀. ၀၆၂) ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်တည်ရှိရာအမှတ်(၆၀၆)၊ သခင်ဗဟိန်းလမ်း၊ (၂၉)ရပ်ကွက်ဟုခေါ်တွင်သော မြေကွက်နှင့်အိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်ရီရီဆွေ၏ သားဖြစ်သူ ဦးအောင်မြတ်ထွဋ်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ်ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာချုပ်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ရုံးချိန်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက မြေကွက်နှင့် အိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဘူမောင်(LL.B)(စဉ် – ၂၂၇၄၇)  ဒေါ်ဖြိုးဖြိုးအောင်(LL.B)(စဉ် – ၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁) မြေညီ၊ ဖျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉ –၅၁၁၃၈၀၀၇၊ ၀၉ – ၅၁၈၃၅၆၉၊ ၀၉ –၂၅၄၂၇၈၃၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃) ရပ်ကွက်၊ မြေကွက်အမှတ် (၂၃၆)၊ ဆည်မြောင်းလမ်း၊ အကျယ်အဝန်း( ၄၀ x ၆၀) ပေရှိ အမည်ပေါက် ဦးအေးဝင်းအောင် (D/RGN–007238) နှစ်(၆၀)ဂရန်မူရင်း အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း ပေ (၂၀x ၆၀) နှစ်(၆၀) ဂရန်မိတ္တူခြမ်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှတစ်ဆင့်အဆင့်ဆင့်ဝယ်ယူထားသူ ဦးဝင်းကျော်စိုး [၁၂/မရက(နိုင်)၁၁၂၃၁၁]မှ အရှုပ်အရှင်းမရှိ အမှန်တကယ် လက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန် ကမ်းလှမ်း ပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်မျိုးထွန်း[၉/တဂရ(နိုင်)၀၀၂၅၄၈]မှ အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး၏ တစ်စိတ်တစ်ဒေသစရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသည့် အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဖော်ပြပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်တင်ဌေး (LL.B)**
**အထက်တန်းရှေ့နေ ( စဉ် – ၄၁၈၂၂)**
**အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၂၅၆၁၈၀၅၄၆**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၉) ရပ်ကွက်၊ ၄ဝါ(၃) လမ်းတွင်နေထိုင်သူ ကျွန်မ ဒေါ်လင်းလင်းခိုင် [၁၂/စခန(နိုင်)၀၆၄၅၁၉]၏ သမီးဖြစ်သူ မကျော့ကျော့ခိုင် [၁၂/ရပသ(နိုင်)၁၃၀၃၁၆]သည် မိခင်ဖြစ်သူ ဆိုဆုံးမ စကားကို နာခံခြင်း မရှိသည့်အပြင် မိခင်ဖြစ်သူအား ကိုယ်၊ စိတ်၊ ဂုဏ်သိက္ခာ များကျဆင်းအောင်အကြိမ်ကြိမ်အခါခါ ပြုလုပ်နေပါသဖြင့် ၎င်းနှင့် ပတ်သက်သော ဖြစ်ပေါ်လာသည့် ပြဿနာများနှင့် မည်သည့်ကိစ္စကိုမဆို မိခင်ဖြစ်သူမှ တာဝန်ယူဖြေရှင်းပေးတော့မည်မဟုတ်ပါကြောင်းနှင့် ၎င်း၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

**ဒေါ်လင်းလင်းခိုင် (မိခင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – ၁၆/၃၊ မြေကွက်အမှတ်–၄၃၉/က၊ မြေကွက်တည်နေရာအမှတ်( ၄၃၉/က )၊ ဓမ္မာရုံလမ်း၊ ( ၁၆/၃ )ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဒေါ်စန်းစန်း [၁၂/ သဃက(နိုင်)၀၁၂၃၈၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား နှစ် (၆၀)ဂရန်မြေအမည်ပေါက် ဒေါ်စန်းစန်း [၁၂/သဃက(နိုင်)၀၁၂၃၈၂]သည် (၁၈–၇–၂၀၂၁) ရက်နေ့တွင် အပျိုကြီးဘဝဖြင့်ကွယ်လွန်၍ ၎င်း၏ (ဖခင်) ဦးကြိုင်သည် (၁၈–၁၂–၂၀၁၀)ရက်နေ့တွင်လည်းကောင်း ၊ (မိခင်) ဒေါ်ဘီသည် (၁၆–၈–၁၉၉၂) ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ပါသဖြင့် ညီမများဖြစ်ကြသော (၁)ဒေါ်ချိုချို [၁၂/ပဘတ(နိုင်)၀၀၈၂၄၈]၊ (၂)ဒေါ်စပါယ် [၁၂/ပဘတ (နိုင်) ၀၀၇၂၄၄]၊ ( ၃ ) ဒေါ်တင်တင်အေး [၁၂/ပဘတ(နိုင်)၀၀၇၁၄၂]တို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ လက်ဝယ်ထားရှိစီမံခန့်ခွဲနေထိုင် လျက်ရှိပါကြောင်း၊ ကွယ်လွန်ချိန်တွင် တရားဝင် ဆက်ခံသူများအဖြစ်ကျန်ရှိပါကြောင်း၊ ညီမများအဖြစ် တော်စပ်ကြောင်းကျမ်းကျိန်လွှာ အမှတ်–၃၇၈/၂၀၂၃ ( ၁ – ၆ –၂၀၂၃ )၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်းတို့တင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် (မြေပုံကူး)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ( ၇ )ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ညောင်သုံးပင်အုပ်စု၊ အမှုထမ်းရပ်ကွက်၊ သဲလမ်းမပေါ်ရှိ အကွက်အမှတ် (၆၈၀)၊ မဇီးဖြူကွင်းတွင် တည်ရှိသည့် ဦးမောင်ဝင်း အမည်ပေါက်မြေကွက်အမှတ် (၆၉/၂၇၄)၊ (၃–ခ) ရထားပြီး ဧရိယာ(၀.၀၇၀)ဧကေ အကျယ်ရှိ မြေကွက်ကြီးမှ တောင်ဘက် (အလျား ၂၀ပေx အနံ ၈၃ပေ)၊ ဧရိယာ(၀.၀၃၈)ဧကေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်သန္တာစော [၁၂/သလန (နိုင်)၀၀၁၇၈၄] (ပါ–၉) တို့မှ တရားဝင်လက်ရှိ ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူနိုင်ရန်အတွက် စရန်ငွေ အချို့ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်မည့်သူများရှိပါက ခိုင်လုံသော သက်သေအထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သဇင်လှိုင် (LL.B,DBL,DSW,WIPO)**
**အထက်တန်းရှေ့နေ(စဉ်–၃၉၀၆၉)**
**အမှတ်(၇)၊ မေတ္တာရိပ်သာလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉– ၉၇၂၀၅၆၂၈၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၂–သမိုင်း၊ မြေကွက်အမှတ် ၆/င–၁ ၊ ဧရိယာ (၀.၃၁၄) ဧက၏ အစိတ်အပိုင်း မြေကွက်တည်နေရာအမှတ် –၁၂၊ မင်းကျောင်းလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ (ဒေါ်စော) အမည်ပေါက် B.မြေပိုင်မြေ (အိမ်ရာမြေဝန်ခံချက်ထုတ်ပေး) မြေကွက်၏တရားဝင်မခွဲမစိတ်ရသေးသော(၀.၁၅၂) ဧကအား ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၁၇၁၁/၂၀၁၄(၇–၄–၂၀၁၄ ) ဖြင့် ပိုင်ဆိုင်လာသူ ဦးသိန်းထွန်း[၇/ပတန(နိုင်) ၀၃၉၄၅၃]ထံမှ အရောင်းအဝယ်စာချုပ်အမှတ် –၄၁၇၁/၂၀၂၃ (၉–၆–၂၀၂၃)ဖြင့် ဧရိယာ (၀.၀၇၆)ဧကအား ပိုင်ဆိုင်လာသူ ဒေါ်စိုးနှင်းအေး [၁၀/ဘလန(နိုင်)၀၁၉၆၅၁] နှင့် အရောင်းအဝယ်စာချုပ်အမှတ်–၄၁၇၂/၂၀၂၃ (၉–၆–၂၀၂၃) ဖြင့် ဧရိယာ (၀.၀၇၆)ဧကအား ပိုင်ဆိုင်လာသူ ဒေါ်စန်းစန်းဝေ (ခ) ဒေါ်စိုးစိုးမော် [၁၂/မရက(နိုင်)၀၃၃၈၅၇] တို့မှ အမည်ပေါက် စာချုပ် မိတ္တူအမှန်၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ အရောင်းအဝယ်စာချုပ်၊ မိမိတို့ ဝယ်ယူပိုင်ဆိုင်သည့် အစိတ်အပိုင်းကိုသာ မြေကွက်ခွဲစိတ်မြေတိုင်းတာခွင့်ပြုပါရန် (၁၂–၇–၂၀၂၃)ရက်စွဲပါ ဝန်ခံကတိပြုတင်ပြစာ၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၁၊ မြေကွက်အမှတ်– ၆/ခ–၂၊ ၀.၂၅၁ ဧက၊ မြေကွက်တည်နေရာအမှတ် – ၆/ခ– ၂၊ အောင်ဓမ္မရိပ်သာလမ်း၊ (၁၂) ရပ်ကွက်၊ ဒေါ်တင်ဝင်း (ခ) ဒေါ်တင်တင်ဝင်း (တီဝိုင်တီ–၀၀၄၃၀၄)၊ အမည်ပေါက် – မြေပိုင်မြေ (အိမ်ရာမြေသတ်မှတ်) မြေအား အမည်ပေါက် ဒေါ်တင်ဝင်း (ခ) ဒေါ်တင်တင်ဝင်းသည် (၂၅–၅–၂၀၂၀)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ခင်ပွန်းဖြစ်သူ ဦးစောမြင့် [၁၂/လမန(နိုင်)၀၈၇၈၆၉]က မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်သည်မှာ မှန်ကန်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံပိုင်ဆိုင်သူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း (၂၁–၇–၂၀၂၃) ရက်စွဲဖြင့် ကတိသစ္စာပြုလွှာ၊ ထောက်ခံကတိသစ္စာပြုလွှာ၊ ဒေါ်တင်တင်ဝင်း ၏သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမည်ပေါက်စာချုပ်နှင့်တကွ ဦးစောမြင့်ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် – ၁၆၃၈၄/၁၀–၈–၂၀၂၃ ဖြင့် ရရှိသူ ဒေါ်ငွန်ဒီဆန်း [၁၂/ဥကမ(နိုင်)၁၆၇၆၆၁]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း (၁၈–၈–၂၀၂၃) ရက်စွဲဖြင့် ကတိသစ္စာပြုလွှာတို့ကို တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်သန်းနှစ်
### မြို့နယ်ပညာရေးမှူး(ငြိမ်း)၊ ကျောက်တန်း
### အသက်(၈၇)နှစ်

ကနီမြို့နေ (ဦးရွှေထိုက်-ဒေါ်ပဲ)တို့၏ သမီး၊ ကင်းရွာနေ (ဦးကျော်ဗလ-ဒေါ်သောင်းမြင့်)တို့၏ သမီးချွေးမ၊ (ဦးဝင်းငွေ)၏ ဇနီး၊ ရွှေပြည်သာမြို့နယ်၊ (၈/၂၁၉)၊ ကျန်စစ်သားလမ်း၊ (၈)ရပ်ကွက်နေ (ဦးမြတ်ဝေ)-ဒေါ်လေးယဉ်တို့၏ ညီမ၊ ဦးသန်းထိုက် (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ကြည်အေးတို့၏ အစ်မ၊ ဦးကိုကိုအောင်-ဒေါက်တာသီသီစိုး၊ ဦးကျော်ကျော်နိုင်-ဒေါ်ခင်သူသူထိုက်၊ ကိုပြည်စိုးထိုက်၊ ဦးနေလှိုင်-ဒေါ်နှင်းရည်ရည်ထိုက်တို့၏အဒေါ်၊ မြေး သုံးယောက်တို့၏အဘွား ဒေါ်သန်းနှစ် (မြို့နယ်ပညာရေးမှူး-ငြိမ်း၊ ကျောက်တန်း)သည် ၃-၁၀-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် အမှတ်(၇၈)၊ မဃလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၅-၁၀-၂၀၂၃ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၈ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာယူရန် ကြွရောက်ပေးပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တစ်လပြည့် ဆွမ်းကပ်တရားတော်နာ ဖိတ်ကြားလွှာ

တောင်ကြီးမြို့နယ်၊ ထီဖောင်းကျေးရွာအုပ်စု၊ နားဘောင်ဒေသ၊ ဓာတိကရပ်ကွက်၊ {H-2}ရှိ၊ "စွမ်းရည်ထက်" ကိုယ်ပိုင်နည်းပြသင်တန်းကျောင်းနှင့် "ရတနာမြတ်သုံးပါး"ဓာတ်နန်းနေ သား ဆရာဦးသန်းထိုက်လင်းနှင့် သမီး ဒေါ်ရွှေဇင်တို့၏ မွေးမိခင်ကျေးဇူးရှင်ကြီးဖြစ်သော (၁၃၈၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်) ၆-၉-၂၀၂၃ (ဗုဒ္ဓဟူးနေ့)တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော [ဆရာမကြီး ဒေါ်အေးပွင့်(ခ)အမေပွင့်] အသက်(၈၀)နှစ်အားရည်စူး၍ ကျန်ရစ်သူမိသားစုမှ တစ်လပြည့် ဆွမ်းကပ်တရားတော်နာ ပြုလုပ်မည်ဖြစ်ပါသဖြင့် တရားတော်နာ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၆-၁၀-၂၀၂၃ (သောကြာနေ့)
အချိန် - နံနက်(၈:၀၀)နာရီမှ (၁၁:၀၀)နာရီအထိ
နေရာ - ဆရာဦးသန်းထိုက်လင်း၏ နေအိမ်သို့

## အထူးဝမ်းနည်းကြေကွဲခြင်း
## ပါမောက္ခ ဒေါက်တာဒေါ်ခင်ရဲမြင့်
### ပါမောက္ခ(အငြိမ်းစား)
### ဆေးပညာဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး
### အသက်(၈၁)နှစ်

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးပညာဌာန၊ ပါမောက္ခ (အငြိမ်းစား)၊ ပါမောက္ခ ဒေါက်တာဒေါ်ခင်ရဲမြင့် (မြန်မာနိုင်ငံ ဆီးချို၊ သွေးချိုနှင့် ဟော်မုန်းရောဂါပညာအဖွဲ့၏ နာယက)သည် ၂၉-၉-၂၀၂၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**အာရှတော်ဝင်ဆေးရုံ**

## မောင်အောင်ကောင်းမြတ်စံ
### အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ စရည်းပင်လမ်း၊ အမှတ်(၃၄၈) နေ (ဦးမြတ်ထူး-ဒေါ်မီမီအောင်)တို့၏ ချစ်လှစွာသောသား၊ Dr. ဦးထွန်းနေအောင်-ဒေါ်အိမြတ်သူဇာ၊ ဒေါ်စုမြတ်သီရိ၊ ဦးအောင်မြတ်ထူးစံ-ဒေါ်မေရီတို့၏ မောင်အငယ်ဆုံး၊ မောင်ဖုန်းမြင့်မောင်၊ မသီရိစု၊ မစံလမင်း၊ မခင်လင်းလက်ကြယ်တို့၏ ချစ်လှစွာသော ဦးလေး မောင်အောင်ကောင်းမြတ်စံသည် ၂-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၁:၃၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ထွက်ခွာပါမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ သုနန္ဒာ(၄)လမ်း၊ အမှတ်(၄၅/က)၊ ၄-လွှာနေ **ဒေါ်မေနှင်းဖြူ** (ဘ) ဦးညွန့်မြိုင်၊ (၁၂/ရကန (နိုင်) ၀၇၅၀၄၈) -နှင့်- ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်(၉)လမ်း၊ အမှတ် (၈/အေ)နေ **ဦးဝင်းမောင်သန်း** (ဘ) ဦးညွန့်မြိုင် (၁၂/ရကန (နိုင်) ၀၇၆၇၈၃) ကိုင်ဆောင်သူတို့က **ဦးသန်းထွဋ်စိန်** (ဘ) ဦးစိန်လှ၊ (၁၂/မဂတ (နိုင်) ၀၇၂၉၂၄) ကိုင်ဆောင်သူအား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၃၁-၅-၂၀၂၃)ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာအမှတ် - ၁၅၁၈၅/၂၀၂၃ ဖြင့် လွှဲအပ်ထားခြင်းအပေါ် ဤကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်မေနှင်းဖြူနှင့် ဦးဝင်းမောင်သန်းတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်သဲနှစ်** (LL.B., D.B.L., D.I.L) ၊ တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၇၉၉၂၆၀၉၇၃

## ဦးသိန်းလွင်(ခ)ဇော်ဝိတ်(ဆင်ဖြူကျွန်း၊ ပြန်လွင်ရပ်)
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်(၅၃)နေ (ဦးထွန်းစိန်-ဒေါ်စန်း)တို့၏ သား၊ (ဦးတင်လှ-ဒေါ်ပု)၊ (ဦးအေးကို)-ဒေါ်ပြုံးကြည်၊ ဦးသန်းလှ-ဒေါ်ပြုံး၊ ဦးကြည်ဝင်း-ဒေါ်ထွေး၊ ဦးငွေဝင်း-(ဒေါ်ခင်ခင်အေး)၊ မောင်/အစ်ကို၊ ဦးဝေမင်းဇော်၊ ဦးဝေလင်းဇော်-ဒေါ်ခင်ခင်အေး၊ ဗိုလ်မှူးသိန်းဇော်(ငြိမ်း)-ဒေါ်စုစုလှိုင်၊ (ဦးဝေဝင်းဇော်)-ဒေါ်မြတ်သီတာထွန်း၊ ဦးကျော်သန်းဇော်-ဒေါ်နှင်းနှင်းလှိုင်၊ ဦးညီညီလွင်-ဒေါက်တာစုစုလွင်၊ ဦးအောင်မြင့်ကျော်-ဒေါ်စောယုခင်၊ ဦးမျိုးလွင်ဇော်-ဒေါ်တင်ညီညီတို့၏ မွေးသဖခင်၊ မြေး ၁၄ ယောက်၊ မြစ် နှစ်ယောက်တို့၏အဘိုး၊ (ဒေါ်ခင်မေသန်း)၏ ချစ်လှစွာသောခင်ပွန်း ဦးသိန်းလွင်(ခ)ဇော်ဝိတ်(ဆင်ဖြူကျွန်း၊ ပြန်လွင်ရပ်)သည် ၃-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၅-၁၀-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာ အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး အမျှအတန်း ပေးဝေလိုပါသောကြောင့် ၉-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၆ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကင်းမြို့နယ် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ငွေငွေခင်
### လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း)
### အမှတ်(၁)စက်မှု (ကြွေထည်မြေထည်)
### အသက် (၇၁)နှစ်

ရန်ကုန်မြို့နေ (သီရိပျံချီဗိုလ်ခင်မောင်-ဒေါ်တင်ရီ)တို့၏ တတိယသမီး၊ (ဒေါ်မူမူခင်)၊ (ဦးဇော်သိန်းမြင့်)-ဒေါ်ကြူကြူခင်တို့၏ ညီမ၊ ဦးခင်မောင်ဇော်-ဒေါ်မွှေးမွှေးခင်၊ (ဦးဝင်းမြင့်)-ဒေါ်ခင်မြင့်မြင့်အောင်တို့၏ အစ်မ၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ စံပယ်ရုံလမ်းသွယ်၊ အမှတ် (၁၀၅၀)နေ ဦးမြင့်ကြည်၏ ချစ်လှစွာသောဇနီး၊ ကိုအောင်ငြိမ်းချမ်း၊ မစိမ်းလဲ့ညိုတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ငွေငွေခင်သည် ၂-၁၀-၂၀၂၃ ရက် နံနက် ၂:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေ အားလုံးတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၂၃ (တနင်္ဂနွေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးစည်သူထွန်း
### (1976-1977 Batch)
### စိန်ပေါလ်ကျောင်းသားဟောင်း
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သာယာရွှေပြည်အိမ်ရာ၊ သာယာရွှေပြည်လမ်း၊ တိုက်(၁)၊ အခန်း(၄၀၆)နေ (ဦးထွန်းတင်-ဒေါ်စန်းစန်း)တို့၏ သားလတ်၊ (ဦးအောင်ညို)-ဒေါ်သီတာထွန်း၊ ဦးဇာနည်ထွန်း-ဒေါ်နွယ်နီလှိုင်၊ ဦးအေးထွန်းတို့၏ မောင်/ညီ/အစ်ကို၊ ဦးချစ်ညိုသန့်-ဒေါ်မြတ်သီရိထွန်း၊ ဦးသူရိန်ထွန်း၊ ဦးဝေဟင်အာကာထွန်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါ်ဇင်မင်းသွဲ့ @ DAWN ၏ ချစ်လှစွာသောခင်ပွန်းသည် ၁-၁၀-၂၀၂၃ (တနင်္ဂနွေနေ့) ညနေ ၄:၁၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၅-၁၀-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄-စီ၁(S-69)၊မြေကွက်အမှတ်-၃၄၊(၀.၀၃၄)ဧကမြေကွက်တည်နေရာအမှတ်(၁၅၅)၊အောင်မင်္ဂလာလမ်း၊ကျောက်မြောင်းကြီးရပ်ကွက်၊တာမွေမြို့နယ်၊ဒေါ်တင့်တင့်(၁၂/ပဇတ(နိုင်)၀၁၁၃၄၂)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်-ဒေါ်တင့်တင့်ကွယ်လွန်သဖြင့်ခင်ပွန်းဖြစ်သူဦးမျိုးသန့်(၁၂/တမန(နိုင်)၀၅၇၀၉၇)မှတရားဝင်တစ်ဦးတည်းသောခင်ပွန်းဖြစ်သည်မှာမှန်ကန်ကြောင်း(၁၃-၇-၂၀၂၃)ရက်စွဲပါကျမ်းကျိန်လွှာ၊ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊သေဆုံးမှုလက်မှတ်၊ဂရန်မူရင်း၊အိမ်ထောင်စုလူဦးရေစာရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကိုတင်ပြ၍ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၇၆/ဘီ) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၈ ½)ထပ်တိုက်ရှိ (၄)ထပ် အခန်းအမှတ်(4E) အကျယ်အဝန်း(၁၅၀၀) စတုရန်းပေရှိ (GRC Condo) တိုက်ခန်းအားရောင်းချသူ ဦးသန်းထွန်းက (၃-၁-၂၀၁၂) ရက်စွဲပါစာချုပ်ဖြင့် ဦးကျော်မြင့် ကန်ထရိုက်တာ (GREAD FATHER-LAND)ထံမှ တရားဝင်ဝယ်ယူပိုင်ဆိုင်၍ တရားဝင်လက်ရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)၊**
**အမှတ် (၆၄၆/၄၆၄)၊ အခန်း (၂/၄)၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊**
**(၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉၂၅၂၉၉၄၉၈၈**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဒေါ်အုန်းရီ
### (အလယ်တန်းပြဆရာမဟောင်း)
### အသက်(၈၂)နှစ်

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေမြို့၊ ကံသာရပ်ကွက်နေ (ဦးအောင်-ဒေါ်စိန်ဦး)တို့၏ သမီး၊ ဦးချစ်သောင်း-(ဒေါ်လှငွေ)တို့၏ ညီမ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ ရတနာလမ်းသွယ်၊ 2A, မလိခအိမ်ရာ(Duplex Type)နေ ဦးခင်အောင်၏ ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်း (Australia)-ဒေါ်လွင်လွင်အောင်(Consultant,WFP & The World Bank Group Myanmar)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ ကိုနေမျိုးသူ-မဆုပြည့်သီတာအောင်တို့၏ မွေးစားမိခင်၊ မောင်ဆုရထိုက်၏ အဘွားသည် ၃-၁၀-၂၀၂၃ (အင်္ဂါနေ့) နံနက် ၇:၃၀ နာရီတွင် ၎င်း၏နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၀-၂၀၂၃ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၃ (တနင်္လာနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးလှတင်
### လ/ထ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
### အသက်(၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နေ (ဦးဘိုးဝန်-ဒေါ်ပိန်)တို့၏ သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/မြောက်ရပ်ကွက်၊ အထက်မန္တလေးလမ်းသွယ် (၁)၊ အမှတ်(၅) မြေညီ၊ ခေါင်းရင်းနေ ဒေါ်မြရီ၏ ချစ်လှစွာသော ခင်ပွန်း၊ ဒေါ်ညိုညိုမာ (အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန)၊ ဦးခင်ဇော် (ဒဂုဏ်ညွန့်ဈေး) - ဒေါ်သီသီဦး၊ ဒေါ်တင်တင်မာ၊ ဦးမျိုးဇော် (မင်္ဂလာတောင်ညွန့်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)-ဒေါ်အိအိခိုင်၊ ဦးသူရဇော် - ဒေါ်ငွေငွေကြည်၊ ဦးစောထွန်းနိုင်စိုး-ဒေါ်သက်ထက်အောင် (GWI ကုမ္ပဏီ)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုး ဦးလှတင်သည် ၂-၁၀-၂၀၂၃ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ကြောင်း ရပ်မိရပ်ဖ၊ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀-၂၀၂၃ ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်တင်သန်း(ခ)ချိုတူး
### အသက်(၆၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ အိုးသည်ကုန်းမြို့၊ (၂)လမ်းနေ [ဦးတင်ရွှေ (ရွှေမြဝင်း)- ဒေါ်သန်းမြ]တို့၏ သမီး၊ အုတ်ဖိုမြို့နှင့်ရန်ကုန်မြို့ ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရတနာနှင်းဆီအိမ်ရာ၊ တိုက် (1A)၊ အခန်းအမှတ် (404)နေ ဦးတင်မြ၏ဇနီး၊ မောင်ဝင်းထွဋ်၊ မောင်နေမင်းဝင်းတို့၏ မိခင်၊ ဦးတင်မောင်ဝင်း-ဒေါ်သန်းရွှေ၊ ဦးသန်းဝင်း-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးစိုးအောင်-ဒေါ်မိမိမြတ်၊ ဦးသန်းကြွယ်ငွေ(ပါစီတူး)-ဒေါ်လေဗိုးတို့၏ အစ်မသည် ၂-၁၀-၂၀၂၃ (တနင်္လာနေ့) ည ၈ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၀-၂၀၂၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၀- ၂၀၂၃ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၁ နာရီထိ အထက်ပါ ရတနာနှင်းဆီအိမ်ရာသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## "ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ခနောင်တိုအနောက်ရပ်ကွက်၊ အမှတ်(-)၊ ၂ လမ်း ၄၀ပေ x ၄၀ပေ မြေကွက်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း"

အထက်ပါမြေကွက်ကို (၂၉-၆-၂၀၁၀)ကပင် ဦးသန်းနိုင်ထံမှဦးသန်းထွန်းဦးက ဝယ်ယူခဲ့ပါသည်။ (၆-၈-၂၀၁၃) နေ့တွင် ဦးသန်းထွန်းဦးထံမှ ဒေါ်ဖြူနုခိုင်က ဝယ်ယူခဲ့ပါသည်။ (၆-၈-၂၀၁၄)နေ့တွင်ဒေါ်ဖြူနုခိုင် [၁၂/အစန(နိုင်)၀၀၂၀၄၁] နှင့် ဒေါ်ယဉ်မင်းအေး [၁၄/မဘန(နိုင်)၀၀၂၉၁၂]တို့ထံမှ ဦးဇော်ထွန်း [၁၂/တတန(နိုင်)၁၄၄၅၄၉]က ကာလတန်ကြေးဖြင့် ဝယ်ယူကာလက်ရောက်ယူလက်ရှိထားခဲ့ပါသည်။ အဆိုပါစာချုပ်များအား သက်ဆိုင်ရာရပ်ကွက် လူကြီးမှလည်း အသိအမှတ်ပြု လက်မှတ်ရေးထိုးထားပါသည်။ ယင်းသို့အဆင့်ဆင့် ရောင်းချသည့်အချိန်များတွင်မည်သူမှ ကန့်ကွက်ခဲ့ခြင်းမရှိပါ။ အဆိုပါမြေကွက်သည် ဦးဇော်ထွန်းမှ လက်ရှိထားလက်ရောက်ယူထားသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ နှောင့်ယှက်ဟန့်တားသူများကို ရာဇဝတ်ကြောင်းအရလည်းကောင်း၊ တရားမကြောင်းအရလည်းကောင်း တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးဇော်ထွန်း**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင့်ဝါလှိုင် LL.B,D.B.L**
**အထက်တန်းရှေ့နေ(စဉ်-၅၅၄၈၉/၅-၄-၂၀၂၃)**
**အမှတ်- ၉၀/ခ၊ ဗဟိုလမ်း၊ ခနောင်တိုအရှေ့ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်။ Ph: 09-421979597**

## ပျောက်ဆုံးကြောင်း

ဦးနေလင်းအောင်[၁၄/ကလန(နိုင်)၁၀၆၀၀၇] ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ် MA-၈၀၅၃၉၈ မြန်မာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-694425175**

## သင့် သွေးဖြင့် အသက် ကယ်ပါ

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈) ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ် ၃၉/၄၁၊ စန္ဒာမြိုင်ကွန်ဒို ဟုခေါ်တွင်သည့် (RC) (၁၂) ထပ်တိုက် အဆောက်အဦ၏ (၁၂) ထပ်မြောက်၊ အခန်းအမှတ် (12/D2) ဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့် ဆက်စပ်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို** ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုင်းဟန် [၁၃/တခလ(နိုင်)၀၂၄၉၂၈]ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးငြိမ်းမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၆၆/၂၀၁၂)**
**အခန်း (၇စီ/၁)၊ စန္ဒာမြိုင်ကွန်ဒို၊ လှည်းတန်းလမ်းမ၊ (၈) ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၈၂၅၉**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိနိုင်ငံ၏ မြေပေါ်မြေအောက်သယံဇာတများကို စီမံခန့်ခွဲပိုင်ခွင့်သည် နိုင်ငံသူနိုင်ငံသားတို့၏ လက်ဝယ်တွင်သာရှိရမည်ဖြစ်ပြီး တိုင်းပြည်၏အားသည် ပြည်တွင်း၌သာရှိကြောင်းကို မိမိတို့ပြည်တွင်းအားဖြင့် လုပ်ဆောင်နိုင်သည်ဟူသည့် စိတ်နှင့်ယုံကြည်မှုကို တည်ဆောက်နိုင်ရမည်ဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများရှိနေပါက မိမိတို့အနေဖြင့် အခြားသူများကို အားကိုးရန်လိုအပ်မည်မဟုတ်...

❖ ထို့ကြောင့် တိုင်းပြည်အတွက် ရေရှည်အကျိုးကို ကြည့်၍ လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးကိုလည်း ဝန်ကြီးဌာနများအလိုက် အားပေးဆောင်ရွက်ကြစေလို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသားပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲတက်ရောက်

**ရန်ကုန် အောက်တိုဘာ ၃**

(၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပိုက်ကျော်ခြင်း လေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်း ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။

အမျိုးသား လေးယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းက ဂျပန်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အင်ဒိုနီးရှားအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၂၁-၉ မှတ်ဖြင့် အမှတ်ပြတ်အနိုင်ရသော်လည်း ဒုတိယပွဲငယ်တွင် ၂၁-၁၈ မှတ်ဖြင့် ပြန်လည်အရေးနိမ့်သဖြင့် တတိယပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာသည်။

**စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ❐



ယနေ့ ဖတ်စရာ



ဗီယက်နမ်နိုင်ငံက တရုတ်နှင့်လာအိုနိုင်ငံတို့သို့ ဆက်သွယ်ထားသည့် အဝေးပြေးလမ်းမသုံးခုကို အဆင့်မြှင့်တင်မည်
စာမျက်နှာ » ၁၃

တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

အခန်းဆက် ဝတ္ထုရှည်
စာမျက်နှာ » ၁၇




## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး ဗိုလ်လုပွဲတွင် ဂျပန်နှင့် မြောက်ကိုရီးယား တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၃**

တရုတ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို အောက်တိုဘာ ၃ ရက်က ကျင်းပရာ ဂျပန်နှင့် မြောက်ကိုရီးယားအသင်းတို့ တက်ရောက်သွားသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြောက်ကိုရီးယားအသင်းက ဥဇဘက်ကစ္စတန်အသင်းကို ရှစ်ဂိုး-ဂိုးမရှိ၊ ဂျပန်အသင်းက အိမ်ရှင်တရုတ်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ မြောက်ကိုရီးယားအသင်းသည် ဆီမီးဖိုင်နယ်သို့ ပထမဆုံးတက်ရောက်လာသည့် ဥဇဘက်ကစ္စတန်အသင်းကို ဂိုးပြတ်သွင်းယူကာ ဗိုလ်လုပွဲ တက်ရောက်လာခြင်းဖြစ်သည်။

အလားတူ လက်ရှိချန်ပီယံ ဂျပန်အသင်းမှာလည်း အိမ်ရှင်တရုတ်ကို အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ယူကာ ဗိုလ်လုပွဲသို့ ငါးကြိမ်ဆက်တိုက် တက်ရောက်လာခြင်းဖြစ်သည်။

**စာမျက်နှာ ၁၈ ကော်လံ ၄ သို့** ■

## ချယ်လ်ဆီးအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရ

ဖူလ်ဟမ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ အောက်တိုဘာ ၂ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၇)မှာ ချယ်လ်ဆီးအသင်းက ဖူလ်ဟမ်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ရမှတ်စုစုပေါင်း ရှစ်မှတ်ရရှိကာ အမှတ်ပေးဇယားအဆင့် ၁၁ နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဖူလ်ဟမ်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီး



**စာမျက်နှာ ၁၈ ကော်လံ ၅ သို့** ✻